# ဗုဒ္ဓ အလိုတော်ကျ
# ကထိန်ခင်း အလှူ

မသန်း (ပညာရေး)



## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး၊ ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် တည်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၆၀၀၁၈၁၀၂၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၅၁၆၀၇၁၂
မျက်နှာဖုံးဒီဇိုင်း - စိုးစိုး (Star)
ကွန်ပျူတာစာစီ - အမေ့သမီးများ
စီစဉ်သူ - ဒီဒီမရှာန်
အပြင်အဆင် - မအိမ်ကောင်း
ထုတ်ဝေသည့်အကြိမ် - ၂၀၁၂ခုနှစ်၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀ အုပ်
စာအုပ်တန်ဖိုး - ၆၀၀ ကျပ်
ထုတ်ဝေသူ - ဦးစိုးတင့်(ရွှေပြည်သာစာပေ)
၆/၁၀ရပ်ကွက်၊ ချင်းတွင်းလမ်း၊
မန္တလေးကျောင်းတိုက်၊
ရွှေပြည်သာမြို့နယ်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးကျော်စိန်(ကျောက်စိမ်းအော့ဖ်စက်)
၁၇၁/၃၃လမ်း၊ကျောက်တံတား
ဖြန့်ချိရေး - ပညာအိမ်စာအုပ်တိုက်
၆၇၁(က)၊ကောလင်းလမ်း၊
(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့။

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း

မသန်း(ပညာရေး) CiP ၂၉၄.၃
ဗုဒ္ဓအလိုတော်ကျကထိန်ခင်းအလှူ
ဦးစိုးတင့်ရွှေပြည်သာစာပေ- ၂၀၁၂
စာမျက်နှာ ၈၀ ခန့် - ၅.၇၆"x ၂.၉၄" -စင်တီ

# ဗုဒ္ဓ အလိုတော်ကျ

# ကထိန်ခင်း အလှူ

# နှင့်

# သိမှတ်စရာအဖြာဖြာ

မသန်း(ပညာရေး)

ဗုဒ္ဓအလိုတော်ကျကထိန်ခင်းအလှူနှင့်သိမှတ်စရာအထွေထွေ

<u>မာတိကာ</u>


မာတိကာ

အမှာစာ

၁။ (က)

ကထိန်အလှူနှင့်ပတ်သက်၍သိမှတ်စရာအချို့

(ခ) ကထိန်ဆိုတာဘာလဲ

(ဂ) ကထိန်၏အဓိပ္ပါယ်

(ဃ) သန္နိဋ္ဌိအဓိပ္ပါယ်နှင့်အကြောင်းအရာ

(င) ကထိန်သင်္ကန်းစတင်ဖြစ်ပေါ်လာပုံ

(စ) ကထိန်ခင်းအပ်သောကာလ

(ဆ) လှူဒါန်းကြသည့်သင်္ကန်းအမျိုးအစား (၃)မျိုးအကြောင်း

(ဇ) ကာလသင်္ကန်းနှင့်အကာလသင်္ကန်းအကြောင်း

၂။(က) ထူးလည်းထူးတဲ့ကထိန်အလှူ

(ခ) ကထိန်သင်္ကန်းနှင့်အာနိသင်သင်္ကန်းအကြောင်း

(ဂ) သင်္ကန်းခံယူနိုင်ခွင့်(သို့)အလှူပေးမည့်သူကိုရွေးချယ်နိုင်ခြင်း

(ဃ) ကထိန်ခင်းထိုက်သောသင်္ကန်း

(င) ကထိန်မခင်းထိုက်သောသင်္ကန်း

(စ) ကထိန်သင်္ကန်းလှူနိုင်ခွင့်ရှိသူနှင့်အလှူခံ(၂)မျိုး (၂)စား

(ဆ) ရဟန်းသံဃာအတွက် ကထိန်အာနိသင်(၅)မျိုးနှင့် (၅)လခံစားခွင့်ရှိပုံ
(ဇ) ကထိန်အလှူဒါယကာ/မ များအတွက်အကျိုးထူးများရရှိပုံအပိုင်း၊
(၂)ပိုင်းရှိတဲ့ ကထိန်အလှူ။
(၃)(က) လှူပုံလှူနည်းဆင်ခြင်ရန်။
(ခ) ပထမပိုင်း(လူပရိ - သတ်များအတွက်)
(ဂ) မိသားစုကထိန်ခင်းအလှူ
(ဃ) ဒုတိယပိုင်း (ရဟန်းသံဃာများအတွက်)
(၄)။ ရဟန်းသံဃာများ၏ လုပ်ပိုင်ခွင့်
(၅)။ အဝတ်သင်္ကန်းလှူခဲ့ကြဖူးသောသူများ၏ အတိတ်ဇာတ်ကြောင်းများ
* ဥမ္မာဒန္တီ - လောင်းလျာ
* ခေမက - လောင်းလျာ
* ရှင်မဟာကဿပမထေရ်-လောင်းလျာ
* ဝိသာခါနှင့်ဗန္ဓုလစစ်သူကြီးကတော်(မလ္လိကာ)
* ရာဇဗြိုလ်သူဌေးသမီး
၆။ သိမှတ်စရာဗဟုသုတအဖြာဖြာ
၇။ တစ်ဆယ့်နှစ်လအခါရာသီနှင့်ပွဲတော်များ အကြောင်း
၈။ နိဂုံးအမှာ
၉။ မှိုင်းမြင်းစာအုပ်များ

# ဗုဒ္ဓအလိုတော်ကျကထိန်ခင်းအလှူနှင့်သိမှတ်စရာအဖြာဖြာ

## အမှာစာ

“အလှူမှာကထိန် ကျောင်းမှာသိမ်”လို့ ရှေးသူဟောင်းတို့ ထားရစ်ခဲ့တဲ့စကားရှိပြီးဖြစ်တယ်၊ကထိန် အလှူ ဟာ အလွန် မွန်မြတ်လှတယ်၊ဗုဒ္ဓဘုရားရှင်လက် ထက်အခါ က ဘဒ္ဒဝဂ္ဂီသုံး ဆယ်(သုံးကျိပ်)ကို အမှူးပြုပြီးနောက် ကထိန်သင်္ကန်း အလှူဖြစ် ပေါ်လာရတယ်၊ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးဆယ် ဟာကော သလမင်းနှင့် ဖအေတူ အမေကွဲညီအစ်ကို တော်များ ဖြစ်တယ်၊ ဗုဒ္ဓသာသနာ တော်မှာရှေးဦးစွာ ရဟန္တာဖြစ်သော အရှင်ကောဏ္ဍည သံဃာကို အမှူးပြုပြီး သံဃာအား လုံးဟုရည်မှတ်၍ လှူရမည့်ဘုံအလှူဖြစ် တယ်၊ သံဃာစွဲမထားရဟုလည်း ဘုရားရှင်မှ ပညတ်တော်မူခဲ့ တယ်၊ အလှူကိစ္စရပ်တွေမှာ ဆရာနှင့် ဒါယကာ ညီညွတ်မှုရှိလျှင် ပိုကောင်းတယ်။ မိမိတို့လှူလိုက်ရသောအလှူ ကိစ္စရပ် အကြောင်းအရာ တွေကို ထဲထဲဝင်ဝင်သိလိုက်ရလျှင် စိတ်ကြည်လင် သန့်ရှင်းမှုများကို ဖြစ်ပေါ်စေနိုင်သည့်အကျိုး ထူးများရရှိ လာပါလိမ့်မယ်။ ကထိန်ခင်းအလှူမှာ အပိုင်း(၂)ပိုင်း ရှိပါတယ်။

**ပထမပိုင်း**

လူပုဂ္ဂိုလ်များ၏ အလှူကိစ္စ(ရေစက်သွန်းချအမျှဝေသာဓုအနုမောဒနခေါ်ခြင်း)

**ဒုတိယပိုင်း**

ရဟန်းသံဃာများ၏ကထိန်အာနိသင်ကိစ္စ (ကမ္မဝါစာဖတ်ခြင်းနှင့် သံဃာကိစ္စရပ်တွေပါ)

* သဒ္ဓါပေါက်၍လှူရသောသင်္ကန်းအမျိုးအစားသုံးမျိုးအကြောင်း၊
* ဆရာဒါယကာတွေရရှိမည့်အကျိုးကျေးဇူးများအကြောင်း:
* အဝတ်သင်္ကန်းလှူခဲ့ကြသော အတိတ်ကံကြောင့် ပစ္စုပ္ပန်မှာစံစားစံစားရတဲ့ ပုဂ္ဂိုလ်များအကြောင်း၊ နှင့်သိမှတ်စရာဗဟုသုတတွေ ကိုလည်း လေ့လာမိသလောက်၊လက်လှမ်းမှီသလောက် စုစည်းတင်ပြထားပါတယ်။ သိနှင့်ပြီးသားလူများအတွက်ပိုမိုစင်ကြယ်စေသလို မသိရှိရသေးသောသူများအတွက်လည်း အထိုက်အလျောက်အကျိုးရှိမယ်လို့ မျှော်လင့်မိပါတယ်။
* လေ့လာခွင့်ပြုသော ဆရာတော်များနှင့်၊ ဆရာများအားလုံးကို ဦးထိပ်ပန်ဆင် ဂါရဝပြုအပ်ပါတယ်။

* ဒီစာအုပ်ငယ်ကို ဖတ်ရှုပြီးနောက် ကထိန်သင်္ကန်း အလှူကိစ္စအတွက် ပုစ္ဆာ၊ မုဥ္ဆ အပရ၊ စတဲ့စေတနာ သုံးတန်ဖြင့်ပင် ကြည်နူးမှုကောင်းဖြစ်ပေါ်မှာပါလို့.

မသန်း(ပညာရေး)

၁။(က)ကထိန်အလှူနှင့်ပတ်သတ်၍သိမှတ်ဖွယ်ရာအချို့

(က)ကထိန်သင်္ကန်း(မိုးပေါ်ကျသင်္ကန်း)

* အာနိသင်သင်္ကန်း (အရံသင်္ကန်း)

* ပံ့သကူသင်္ကန်း

* ပုရိမဝါ

* မသိုးသင်္ကန်း

* ပစ္ဆိမဝါ

* သန္နိဋ္ဌိ-အဓိပ္ပါယ်

* ဏ္ဍမ်ကထိနစိဝရံသံဃသဿဒေမ-အဓိပ္ပါယ်

* ဏ္ဍမ်ကထိနစိဝရံအသုကဝိဟာရေ သံဃဿဒေမအဓိပ္ပါယ်

- စတဲ့စကားလုံးများ၏ အဓိပ္ပါယ်ကို ထဲထဲဝင်ဝင် သိထားသင့်တယ်။

*ကထိန်သင်္ကန်း ကိုတနည်းအားဖြင့်မိုးပေါ်ကျသင်္ကန်း (မိုးရေကာသင်္ကန်း)ဟုခေါ်ဆိုကြတယ် (တစ်ထည်တည်းသာဖြစ်တယ်)

* အာနိသင်သင်္ကန်း ဆိုသည်မှာကထိန်သင်္ကန်း၏အရံ (အခြားသော)သင်္ကန်းများဖြစ်တယ်။

* ပုံသကျသက်န်း-အလိုအလျောက်စွန့်ပစ်ထားကြသော ပိုင်ရှင်မဲ့သင်္ကန်းဖြစ်တယ်။
* မသိုးသင်္ကန်း-အရှထ်မတက်ခင်/နေ့ခြင်းပြီးယက်လုပ် ပူဇော်ရတဲ့သင်္ကန်းဖြစ်တယ်။

-ပုရိမဝါ(ရဟန်းသံဃာ)-ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှသိ တင်းကျွတ်လပြည့်နေ့အထိအချိန်ကာလ-ကံဆောင်ခြင်းကို ပုရိမဝါဆိုခြင်းဟုခေါ်တယ်။

-ပစ္ဆိမဝါ(ရဟန်းသံဃာ)-ဝါခေါင်လပြည့်ကျော်(၁)ရက်မှ တန်ဆောင်မုန်း-လပြည့်နေ့ထိ-အချိန်ကာလကံဆောင်ခြင်းကိုပစ္ဆိမဝါဆိုခြင်းဟုခေါ်တယ်။

၁။(ခ)<u>ကထိန်ဆိုတာဘာလဲ</u>

ကထိန်ဆိုတာ ထူးလည်းထူးတဲ့အလှူပွဲတစ်ခုဖြစ်တယ်။

(၁) လက်တွေ့နည်းကျကျ မျက်မှောက်အကျိုးရခြင်း (ပါဠိတော်နည်း)

(၂) သင်္ကန်းနှမ်းပါးသောရဟန်းများအတွက် သီးခြားခွင့်ပြုခြင်း (အဋ္ဌကထာနည်း)

(၃) ကျောက်စာတိုင်အလား ခိုင်မြဲသောအကျိုး ငါးပါးရခြင်း (ဋီကာနည်း)

(၄) ဗုဒ္ဓ၏ပညတ်တော်(၅)ချက်ကိုပယ်ဖျက်နိုင်ခြင်း။ (သဒ္ဒါနည်း)

(၅) ညီမျှသောအကျိုးရသဖြင့် ဘုရားရှင်တို့၏ ချီးမွမ်းခံရခြင်း။

(ရှင်နည်း)

※- စတဲ့-စတဲ့ အချက်(၅)ချက်နှင့်ပြည့်စုံစေတဲ့ သက်နှံ အလှူပွဲလည်းဖြစ်တယ်။

၁။(ဂ) <u>ကထိန်၏အဓိပ္ပါယ်ကတော့နိုင်ခံ့ခြင်းအကျိုး-ငါးပါး ကိုမြဲမြံနိုင်ခံ့စွာရခြင်းလို့ဆိုတယ်</u>

ကထိန်ဟူသောစကားမှာ ပါဠိစကားမှမြန်မာမှုရပြောင်းလဲလာသော စကားဖြစ်တယ်။နိုင်မြဲသော-အကျိုးငါးပါး ရရှိခြင်းပင်ဖြစ်တယ်၊ ကထိန်သင်္ကန်းလှူဒါန်းသူရှိက "အနာမန္တစသော ပညတ်တော် (၅)ချက်သည် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှ တပေါင်း လပြည့်တိုင်အောင်(၅)လ တိတိအလို အလျှောက်ပင်ပျက်ပြယ်စေ"ဟူသော ဗုဒ္ဓ၏ သံမဏိစည်းကမ်းကို ဗုဒ္ဓ၏သားတော်များလက်တွေ့-ကျကျ ခံစားနိုင်ခွင့်ရှိတယ်၊ ထိုအကျိုး(၅)ပါးကိုပင်သံဃာများ အညီအမျှရရှိစေရန်ဖြန့်ခင်းခြင်း-ကိုကထိန်ခင်းခြင်းဟု ခေါ်တယ်။

- ပညတ်တော်(၅)ချက်ကို ပယ်ဖျက်နိုင်ခြင်း။
- သာတူညီမျှ မျက်မှောက်အကျိုးရခြင်း။

- ကျောက်စာတိုင်အလားနိုင်မြဲသောအကျိုးရရှိခြင်း စတဲ့ ထူးခြားချက်များကြောင့်အလှူတကာတို့ထက်-ထူးကဲမွန်မြတ်သည်ဟုမြတ်ဗုဒ္ဓကိုယ်တိုင်-ချီးမွမ်းခဲ့တယ်၊

(ဃ)<u>သန္နိဓိ-အဓိပ္ပါယ်နှင့်အကြောင်းအရာ</u>

ကထိန်ခင်းအလှူ လှူတော့မည်ဆိုလျှင်

- သန္နိဓိ-ဟူသောအဓိပ္ပါယ်

ကျောင်းဝင်းအတွင်း/အပြင် - စသည်

- ဤမံကထိန်စိဝရ် သံဃဿဒေမ ဟူသောစာပိုဒ်၊ (ရွတ်ဆိုရန်)

- ဤမံကထိန်စိဝရ် အသုကဝိဟာရေ-သံဃ. ဿဒေမ စာပိုဒ်(ရွတ်ဆိုရန်) စသည်တို့ကိုငှင်း၊

- ပုဂ္ဂိုလ်ဂိုဏ်းဂဏကို ရည်းမှန်း၍လှူဒါန်းရသော ပုဂ္ဂလိက အလှူမျိုးမဟုတ်သည်ကိုသိထားရမည်။

- သံဃာဂုဏ်ကိုအာရုံပြု၍ လှူရသောပရမတ်အလှူမျိုး ဖြစ်သည်ကို-ထိအောင်၊မိအောင်-အာရုံပြုနိုင်မှလည်း ကထိန်အလှူမြောက်ပါတယ်။

- ကထိန်ဟူသည်ဆင်းရဲနွမ်းပါးသက်နှံ့ပါးရှားသော ရဟန်းများအတွက် သီးခြားခွင့်ပြုခြင်းဖြစ်တယ်။

✶- စတဲ့အကြောင်းအရာတွေကို ပရမတ်သိသိအောင် သုံးသပ်ဆင်ခြင်၍ လှူရမှာဖြစ်ပါတယ်။

* <u>သန္နိဋ္ဌိ–ဖြစ်မဖြစ်အကြောင်း</u>

ကထိန်မခင်းမီ ကထိန်လျှာသင်္ကန်းကို ကျောင်းတွင်း ယူသွင်းသော်လည်း ဒါယကာ/မတို့လက်ရောက် မလှူမခြင်း သန္နိဋ္ဌိမဖြစ်ပါ၊ ကထိန်အဖြစ်ဖြင့်မလှူသေးလျှင် ရက်ကြာသော်လည်း ရဟန်းပစ္စည်းများဖြစ်လင့်ကစား သန္နိဋ္ဌိမဖြစ်ပါ။

* ကထိန်နေ့မတိုင်မီ ကျောင်းဝင်းအတွင်းသို့ ကထိန်လျှာသင်္ကန်းကို ယူသွင်းရာ၌ ဝိနည်းဘက်ဆိုင်ရာ မည်သည့်အပြစ်မှ မဖြစ်ပါ။

* <u>သန္နိဋ္ဌိ–သင့်သည်ဆိုသည်မှာ</u>

(၁) ကထိန်သင်္ကန်းအဖြစ်ဖြင့် လှူသောသင်္ကန်းကို ရသောနေ့၌သံဃာက ကထိန်ခံရဟန်းအားမပေးပဲ သိမ်းထားခြင်း။

(၂) သံဃာက ပေးသောနေ့၌ ကထိန်ခင်းမည့်ပုဂ္ဂိုလ်က မချုပ်မဆိုးပဲသိမ်းထားခြင်း။

– သန္နိဋ္ဌိနှစ်မျိုးသည် အလှူခံသောသံဃာ၏တာဝန်နှင့် ကထိန် ခင်းသော(ရဟန်းသံဃာ)× ပုဂ္ဂိုလ်၏ တာဝန်သာဖြစ်တယ်။

– ဒါယကာ/မတို့နှင့်မဆိုင်ပါ၊ကထိန်မခင်းမီ ကထိန်လျှာသင်္ကန်းကို အိမ်တွင် ခေတ္တထားနိုင်သည်အပြစ်မရှိပါ။

(င) ကထိန်သင်္ကန်းစတင်ဖြစ်ပေါ်လာပုံ

ကထိန်သင်္ကန်းဖြစ်ပေါ်လာပုံမှာ သင်္ကန်းရှားပါးတဲ့ ဘဒ္ဒဝဂ္ဂီ – ညီနောင် သုံးကျိပ်တို့ – သင်္ကန်းဆင်းရဲခြင်းကို အကြောင်းပြုပြီး – မြတ်စွာဘုရားရှင်မှ – ကထိန်သင်္ကန်း ကပ်အလှူခံရန် ခွင့်ပြုခြင်း ဖြစ်တယ်။

- မြတ်စွာဘုရားရှင်သာဝတ္ထိပြည်ဇေတဝန်ကျောင်း၌ သီတင်းသုံး စံတော်မူသောအခါမြတ်စွာဘုရားအား လာရောက်ဖူးမျှော်ကြသော ဘဒ္ဒဝဂ္ဂီသုံးကျိပ်(သုံးဆယ်)အား အကြောင်းပြုပြီးဖြစ်ပေါ်လာတာ ပါညီနောင်သုံးကျိပ်တို့ ဟာကောသလမင်းနှင့်–ဘတူမိပြား (ဖအေတူမအေကွဲ) ညီအစ်ကိုတော်များဖြစ်တယ်။
- အဝိဋ္ဌာန်တင်သင်္ကန်းသုံးထည်တွင် တစ်ထည်ထည်ကို ထား၍ပေါ့ပါးစွာသွားလာနိုင်ပါစေ။
- သင်္ကန်းပါးရှားနွမ်းပါးခြင်းကင်းပါစေဟူ၍ဘုရားရှင်မှ ကထိန်ခင်းခြင်းငှာ ခွင့်ပြုတော်မူသောကြောင့်ကထိန်ဖြစ် ပေါ်လာရခြင်းဖြစ်တယ်။
- ဘဒ္ဒဝဂ္ဂီတို့ ကောသလအနောက်ပိုင်း ပါဝေယျကတိုင်းမှ သာဝတ္ထိပြည်ဇေဝတန်ကျောင်းတော်ထိလာကြတာပါ ဘဒ္ဒဝဂ္ဂီသုံးဆယ်တို့ ဖြစ်သန်းလာခဲ့ရသော၌ နွံထူထပ် သည့်ခရီး ကြမ်းတစ်လျှောက် အတွေ့အကြုံများဟာ

လည်းကထိန်-ခင်းဖြစ်ပေါ်မှုအကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်။

(စ) ကထိန်ခင်းအပ်သောကာလ

ကထိန်ခင်းအပ်သောကာလသည် သီတင်းကျွတ်လပြည့်ကျော်(၁)ရက်နေ့မှတန်ဆောင်မုန်းလပြည့်နေ့ - အထိ (တစ်လတိတိ) ကိုဗုဒ္ဓဘုရားရှင်မှခွင့်ပြုတော်မူတယ်။

(ဆ) လှူဒါန်းကြသည့် သင်္ကန်းအမျိုးအစား(၃)မျိုးအကြောင်း

- ဝါဆိုသင်္ကန်း } ကာလသင်္ကန်း
- ကထိန်သင်္ကန်း }
- အ-ကာလသင်္ကန်း(အချိန်အခါမရွေးလှူနိုင်သည်)

တို့ဖြစ်သည်။

(ဇ) ကာလသင်္ကန်းနှင့်အကာလသင်္ကန်းအကြောင်း

**ကာလသင်္ကန်း**

* ဝါဆိုသင်္ကန်းဆိုသည်မှာ ဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့ထိ-လှူရသောသင်္ကန်းဖြစ်တယ်။
* ကထိန်သင်္ကန်းမှာ သီတင်းကျွတ်လပြည့်ကျော်(၁)ရက်မှတန်ဆောင်မုန်း လပြည့်ထိ-လှူရသောသင်္ကန်းဖြစ်တယ်။ (တစ်လတိတိသာ)

အကာလသက်နုံး* အချိန်အခါမရွေးလှူဒါန်း နိုင်သော သက်နုံးဖြစ်တယ်။

၂။(က) ထူးလည်းထူးတဲ့ကထိန်အလှူ

(၁) တစ်နှစ်မှာတစ်ကြိမ်သာလှူရခြင်း။

(၂) လှူဒါန်းရမည့်ကာလမှာ တစ်လသာသတ်မှတ်ခြင်း။

(၃) ညီညာဖြဖြဘုံဝါဒကို လက်ခံကျင့်သုံးလှူဒါန်းရခြင်း။

(၄) မျက်မှောက်ဒိဋ္ဌအကျိုးရ၍ လက်တွေ့နည်းကျခြင်း။

(၅) ပကတိသက်နုံးအလှူ(သာမန်သက်နုံး)နှင့်မတူ ကဲ ဆောင်လှူရခြင်း။

ရပ်ကွက်တစ်ခုနှင့်တစ်ခု တစ်နေရာနှင့်တစ်နေရာ ပြိုင်ပြိုင်ဆိုင်ဆိုင်မြိုင်မြိုင်လှူဒါန်းနေကြခြင်းသည် သဒ္ဓါပေါက် - ကြသဖြင့်သာဖြစ်သည်။စေတနာအလျောက် သဒ္ဓါ အလျောက် —— လှူဒါန်းခြင်းမျိုးကို ဘုရားရှင်ကိုယ်တော် တိုင်ခွင့်ပြုတော်မူတယ်။ ဘုရားရှင်ကိုယ်တော်တိုင် ယှန်မင်းဖြစ်စဉ်က ဖူး၊ မြေခွေး၊ မျောက်-သုံးဦးသောအလှူရှင်များ တစ်ဦးနှင့်တစ်ဦး အပြိုင်ကျဲ၍ အသက်ကိုပင်ပေးလှူရဲခဲ့သည့် သာဓက များရှိခဲ့တယ်။စေတနာအရင်းခံပြီး သဒ္ဓါပွားတတ်ဖို့ အရေးကြီးတယ်။

- စေတနာမများပဲ သဒ္ဓါပွားရှုပြင်ဆိုင်လှူသော အလှူမျိုးသည် သဒ္ဓါအမှန် အလှူအမှန်ဖြစ်တယ်။မိမိတို့လှူလိုက် ရသောအလှူကိစ္စရပ်တွေမှာ ကာယကံရှင်(အလှူရှင်)များမှ လည်းထဲထဲဝင်ဝင်သိထားဖို့လိုအပ်ပါတယ်။
- မလှူမီကကြိုတင်သိထားနှင့်အောင်လေ့လာ သင့်တယ်။

၂။(ခ)ကထိန်သင်္ကန်းနှင့်အာနိသင်သင်္ကန်းအကြောင်း

ကထိန် သင်္ကန်းဟူ၍ ရည်မှန်းပြီးလှူဒါန်းကြရာတွင်

- သင်းပိုင်
- ကိုယ်ဝတ်
- နှစ်ထပ်သင်္ကန်းစသည့်သုံးထည်တို့တွင် တစ်ထည်ထည်သော သင်္ကန်းသာလျှင်ကထိန်းသင်္ကန်းဖြစ်တယ်။

* အာနိသင်သင်္ကန်း

အာနိသင်သင်္ကန်းဆိုသည်မှာ ကထိန်သင်္ကန်း၏အခြံ အရံသင်္ကန်းအဖြစ်ဖြင့်သဒ္ဓါအလျောက်အပိုလှူသောသင်္ကန်း ဖြစ်တယ်။အဖိုးတန်ပစ္စည်းအဖြစ်ဖြင့်မယူအပ် (ဘုန်းကြီးသံဃာမှ)အဝတ်သင်္ကန်းအဖြစ်ဖြင့်သာယူအပ်သည်။

၂။(ဂ)သင်္ကန်းခံယူနိုင်ခွင့်(သို့)အလှူပေးမည့်သူကိုရွေးချယ်နိုင်ခွင့်

သံဃာအတွက်အကျိုးများစေသဖြင့် အရေအတွက်

ပိုများသူထံမှ ကထိန်သင်္ကန်းနှင့် အရံသင်္ကန်းဖြစ်သော အာနိသင် သင်္ကန်းခံယူနိုင်ခွင့်ရှိတယ်။

ဥပမာ - ဒါယကာ(၂)ဦးပေါ်ခဲ့သော်

*ပထမ - ဒါယကာမှ ကထိန်သင်္ကန်းအဖြစ်ဘန်ကောက် သင်္ကန်းတစ်ထည်+အာနိသင်သင်္ကန်း(၅) ထည်လှူမယ်။

*ဒုတိယ- ဒါယကာမှ ကထိန် သင်္ကန်းအဖြစ် ပိတ်သင်္ကန်း(၁)ထည်+ အာနိသင် သင်္ကန်း (၁၀)ထည်လှူမယ်ဆိုလျှင်

- ထိုပုဂ္ဂိုလ်နှစ်ဦးအနက်မှ ဒုတိယဒါယကာမှ အာနိ သင်သင်္ကန်းအရေအတွက်(၁၀)ထည် ဖြစ်၍သံဃာ - အား - အကျိုးများစေသဖြင့် ပိတ်သင်္ကန်းနှင့် အရံ(၁၀)ထည်(အာနိသင်) သင်္ကန်းလှူနိုင်သူကိုသာ ကထိန်ခင်းခွင့်ပြု ရပေမည်။

ဃ) <u>ကထိန်ခင်းထိုက်သောသင်္ကန်း</u>

ကထိန်ခင်းထိုက်သောသင်္ကန်းဆိုသည်မှာ လှူ/ နတ်စသည့် သီတင်းသုံးဖေါ်(၅)ယောက်တို့အနက် တစ်ယောက်ယောက်-ကပင်ဖြစ်စေ၊ နိမိတ်မဆွယ်၊ ပရိယာယ်မပြောက်၊ အလိုလို သဒ္ဓါပေါက်၍ "ဣမံ ကထိနဒုဿံ သံဃဿဒေမ" ဟုပင်ဝစီဘေဒ

မြွက်ဟလျက် လှူအပ်သောမိမိပိုင် အဝတ်အထည် (သို့)"ဣမံကထိနဒုဿံ သံဃဿဒေမ"ဟုပင် ဝစီဘေဒ-မြွက်ဆိုလျှက်လှူနိုင်သည်(အသင့်ချုပ်/ဆိုးပြီးကထိန်သင်္ကန်းလျှာ)

(၁) သံဃာဋိ - နှစ်ထပ်သင်္ကန်း

(၂) ဥတ္တရာသင်္ဂ - အပေါ်ရုံကေစီသင်္ကန်း

(၃) အန္တရဝါသက - ခါးဝတ်သင်းပိုင်ဖြစ်သော်သင်္ကန်း၊

အထက်ဖော်ပြပါချုပ်ဆိုးခြင်းကိစ္စမပြုရသေးသော အဝတ် အထည်များနှင့် ဤသင်္ကန်းသုံးထည်တို့မှ တစ်ထည်ထည်သာလျှင် ကထိန်ခင်းထိုက်သောကထိန်လျှာသင်္ကန်းများဖြစ်တယ်။(အဆင်သင့်ဖြစ်တဲ့သင်္ကန်းဖြစ်ရပါမည်)

* <u>မချုပ်မဆိုးရသေးသော</u> -အဝတ်အထည်ဖြစ်က - ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်ခံထိုက်သူအား သံဃာကပေးနိုင်လောက်သော အဆင့်မှာသာရှိ၍ ကထိန်အလှူမြောက်၏။သို့သော် ကထိန်ခင်းနိုင်ခွင့်ရှိသော သင်္ကန်းမဟုတ်သေးချေ။

- ထိုအဝတ်အထည်များမှ - သင်းပိုင်သော်၎င်း၊ကေသီသော်၎င်း၊ ဒုကုဋ်သော်၎င်း၊ချုပ်ရ/ဆိုးရပေဦးမည်။ ချုပ်ဆိုးပြီးမှသာ ကထိန် ခင်းရန်အဆင့်သို့ရောက်၏။ (ကထိန်ခင်းခံယူရန်မှာ ရဟန်း၏တာဝန်ဖြစ်သည်)

* ကထိန်အလှူ လှူလိုသူဒါယကာ/မအတွက်

(၁) မချုပ်ဆိုးရသေးသော အဝတ်အထည်၊

(၂) ချုပ်ဆိုးပြီးသောသင်းပိုင်၊

(၃) ချုပ်ဆိုးပြီးသောစကစီ၊

(၄) ချုပ်ဆိုးပြီးသော ဒုကုဋ် (၄ မျိုး ၄ထည်)

* ကထိန်ခံယူသူရဟန်းအတွက်

(၁) ချုပ်ဆိုးပြီးကပ္ပဗိန္ဒုထိုးပြီးသောသင်းပိုင်၊

(၂) ချုပ်ပြီး ဆိုးပြီးကပ္ပဗိန္ဒုထိုးပြီးသောစကစီ။

(၃) ချုပ်ပြီး ဆိုးပြီး ကပ္ပဗိန္ဒုထိုးပြီးသော ဒုကုဋ်(၃မျိုး ၃ထည်) ဤကဲ့သို့ခွဲခြားသိထားသင့်တယ်။

(င) ကထိန်မခင်းထိုက်သောသင်္ကန်း၊

(၁) နိမိတ္တကမ္မ-အရိပ်နိမိတ်ပြ၍ ရအပ်သောသင်္ကန်း။

(၂) ပရိကထာ ပရိယာယ်သွယ်ဝိုက်သောစကားဖြင့် ရအပ် သောသင်္ကန်း။

(၃) ကုက္ကုကတ-ငှားရမ်း၍ရအပ်သောသင်္ကန်း

(၄) သန္နိဓိ-တညည့်လွန်၍သိုးသောသင်္ကန်း

(၅) နိဿဂ္ဂိယ သင်္ကန်းချုပ်စဉ် အ ရုဏ်တက်လာသောကန်း ကထိန်သင်္ကန်းသည် တနည်းအားဖြင့် မိုးပေါ်ကျ မိုးရေကာ သင်္ကန်းဖြစ်သဖြင့် အထက်ပါ အကြောင်း ၅ ချက်နှင့် လွတ် ကင်းရပေမည်။

(စ) ကထိန်သင်္ကန်းလှူနိုင်ခွင့်ရှိသူနှင့်အလှူခံ(၂)မျိုး(၂)စား
(၁) လူဖြစ်စေ
(၂) နတ်ဖြစ်စေ
(သို့မဟုတ်)
(၁) ရဟန်းယောကျာ်း
(၂) ရဟန်းမိန်းမ
(၃) သာမဏေယောကျာ်း
(၄) သာမဏေမိန်းမ
(၅) သိက္ခာမာန် (တရားကျင့်ဆဲဖြစ်သူ)

အထက်ပါသတင်းသုံးပေါ် (၅)ယောက်မှ တစ်ယောက်ယောက်ဖြစ်စေ မည်သည့်ပုဂ္ဂိုလ်မျိုးမဆို

- ပုဂ္ဂိုလ်ကိုရည်းမှန်း၍လှူရသောအလှူမဟုတ်ရခြင်း
- ကထိန်ခင်းလိုသောအရာမ်အတွင်းရှိ သံဃာအားလုံးကို ရည်ညွှန်းရခြင်း။
- အစဦးဆုံးဖြစ်သော အရှင်ကောဏ္ဍညနှင့် လက်ျာတော်ရံ ရှင်သာရိပုတ္တရာအစဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့သော သာသနာ့ဝန်ထမ်းသံဃာတဝှမ်းလုံးကိုရည်ညွှန်း ရခြင်း။
- မိမိတို့ပိုင်သော့ကထိန်သင်္ကန်းဖြစ်ရခြင်း
- အရိပ် နိမိတ်ပရိယာယ်မဖက်-သဒ္ဒါသက်သက်ဖြင့် လှူလိုသောမိုးပေါ်ကျသင်္ကန်းဖြစ်ရခြင်း။

- စသည့်ဂုဏ်(၅) ပါးနှင့်ပြည့်စုံသူ/ပုဂ္ဂိုလ်သည် ကထိန်လှူနိုင်သောပုဂ္ဂိုလ်ဖြစ်သည်။

ကထိန်သင်္ကန်းကို အလှူခံရာ၌(၂)မျိုး (၂)စားရှိတယ်

(၁) ဒါယကာ/မတို့လှူသော သင်္ကန်းကို-အလှူခံသောအပိုင်း၊

(၂) သံဃာအချင်းချင်းကပေးသော ကထိန်သင်္ကန်းကိုခံယူရသောအပိုင်း၊

ပထမပိုင်း - မည်သို့ပင်ဖြစ်စေသံဃာက-ကထိန်လျာသင်္ကန်းကိုအလှူခံစေသော သံဃသမ္မုတိရရဟန်းပုဂ္ဂိုလ် တစ်ပါးပါးက အလှူခံနိုင်ပါတယ်။ ပုဂ္ဂိုလ်က အလှူခံသော် လည်းသံဃာ၏ကိုယ်စားအလှူခံသဖြင့် သံဃာပိုင်သံဃိကသင်္ကန်းသာဖြစ်တယ်။

ဒုတိယပိုင်း - အလှူခံ၍ရသော သံဃာပိုင်ကထိန်လျာသင်္ကန်းကိုသံဃာက ကထိန်ခင်းရန် အတွက် ဉတ္တိ၊ ဒုတိယကမ္မဝါ စာဖြင့်ကထိန်ခံယူရတယ်။ ရဟန်းပုဂ္ဂိုလ်တစ်ဦးဦးအားပေးရတယ်၊ထိုသို့သံဃာကပေးသော ကထိန်လျာသင်္ကန်းကို

(၁) ပုရိမ ဝါကပ်၍ မကျိုးမပြတ်သောဝါရှိသဖြင့်ပဝါရဏာပြုပြီးသောရဟန်း၊၊

(၂) ပုဗ္ဗကရဏ်စာနာတိ စသောအင်္ဂါ ၈ပါးနှင့် ပြည့်စုံသောရဟန်း

(၃) သက်န်းနွမ်းပါးသောရဟန်း၊

ဤကဲ့သို့သောရဟန်းများမရှိပါက ဝါအကြီးဆုံးလည်းဖြစ်၊ အင်္ဂါသုံးပါးနှင့်လည်း ပြည့်စုံသော ရဟန်းသည် သာကထိန်ခံထိုက်တယ်၊ ထိုရဟန်းကိုသာလျှင် - ဉတ္တိဒုတိယ - ကမ္မဝါစာ ဖတ်ရွတ်ပြီး သံဃာမှပေးရမည့် ကထိန်ခံယူနည်း ပင်ဖြစ်တယ်။

(ဆ) <u>ရဟန်းသံဃာအတွက်ကထိန်အာနိသင် ၅ မျိုးနှင့် ၅ လတိတိအကျိုးခံစားခွင့်ရှိပုံ</u>

(၁) မပန်မကြားသွားမိရာ၌ အာပတ်မသင့်ခြင်း။

(၂) တိစီဝရိတ်သက်န်းနှင့် ညည့်အခါကင်း လွတ်နေခဲ့လျှင်မှုအာပတ်မသင့်ခြင်း။

(၃) ဂဏဘောဇဉ်သုံးဆောင်ရာအာပတ်မသင့်ခြင်း။

(၄) သက်န်းကို ဆယ်ရက်ထက်ကျော်လွန်၍ ထားရာ၌ အာပတ်မသင့်ခြင်း။

(၅) အများသံဃာပိုင်ဆိုင်သော သံဃိကသက်န်းမှန်သမျှကို အစိုးတရယူနိုင်ခွင့်ရှိခြင်း။

- စသည့်ဘုရားရှင်ခွင့်ပြုတော်မူသောအကျိုး ခံစားခွင့်

များကို ကထိန်ခင်းခံယူပြီးအရှိန်မှစ၍ ၅လတိတိ ခံစားနိုင်ခွင့်ရှိတယ်။

(စ) <u>ကထိန်အလှူဒါယကာ/မများအတွက်အကျိုးထူးရှိပုံ</u>

ကထိန်အလှူ၏အာနိသင်အကျိုး(၅)ပါးကိုရဟန်းသံဃာ များရရှိခံစားနိုင်သလို အလှူရှင်များမှလည်း အကျိုးတူ ခံစားနိုင်ပါတယ်။ယွန်မျက်မှောက်ဘဝမှာ သာမကနောင်လော ကုဋ္ဌရာအထိပါအကျိုးပွားများ နိုင်တဲ့အကြောင်းအရာ များကိုလေ့လာတွေ့ရှိနိုင်တယ်။ ကထိန်အလှူ ဒါယကာ/ မများအတွက် ထူးကဲတဲ့အကျိုးတွေကို ရကြတယ်၊ "စိတ်အလိုကိုယ်ဆန္ဒနှင့်ပြည့်ဝစေတဲ့အကျိုးတွေရကြတယ်" ကထိန်သင်္ကန်းအလှူမှာဘုရားရှင်တို့ချီးမွမ်းအပ်သော အလှူမျိုးဖြစ်တယ် သာသနာတွင်း ၌သာလှူရ၍ မြတ်သော အလှူမျိုးဖြစ်သဖြင့်သဒ္ဓါမှန်စေတနာ မှန်ဖြင့်လှူကြရပေမယ်။ကထိန် ခင်းခြင်းခံရသော သံဃာအတွက် အကျိုး ၅ ပါး ခံစားနိုင်သလို အလှူဒါယကာ/မများအ တွက်လည်း အလားတူ အကျိုးထူးများရရှိကြတယ်။

(၁) သွားလေရာအရပ်တို့၌ - အနှောက်အယှက်မရှိ အန္တရာယ်ကင်းစွာသွားလာနိုင်တယ်။

(၂) မိမိပိုင်ပစ္စည်းတို့သည် မီးပေါင်အာမခံပစ္စည်းကဲ့သို့ ရန်သူတို့မဖျက်ဆီးနိုင်ပါ။

(၃) စားကောင်းသောက်ဖွယ်အထူးပေါ်များ၍စန္ဒကုတ် မင်းကြီးကဲ့သို့ အစားအသောက်ဘေးဥပါဒ်မဖြစ်နိုင်၊ အဆိပ် ခပ်သော်လည်းအဆိပ်မတက်နိုင်ပါ။

(၄) မိမိပိုင်ပစ္စည်းတို့သည် ကာလရှည်ကြာစွာမေ့လျော့ နေသော်လည်းမဆုံးရှုံးနိုင်သကဲ့သို့ရှိတယ်။

(၅) စီးပွားရှာလျှင် သုတကာထက်ထူး၍ ထိပေါက် သကဲ့သို့ငှင်း၊ ဒီရေအလားကဲ့သို့ငှင်း တိုးပွားရခြင်း စသည့်အကျိုးထူးများခံစားရတယ်။

၃။ <u>အပိုင်း(၂)ပိုင်းရှိတဲ့ကထိန်အလှူ</u>

(က) လှူပုံလှူနည်းဆင်ခြင်ရန်

မိမိ၏အလှူဒါနအတွက် အကျိုးတရား ထိရောက် မှုရှိစေရန် - မိမိကိုယ် - တိုင်သီလပြည့်စုံရမယ်၊ လှူတဲ့အခါ မှာလည်း အနိစ္စ၊ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးကို ဆင်ခြင်ရာ၏ လှူဒါန်း သောပစ္စည်း အလှူခံပုဂ္ဂိုလ်နှင့် မိမိသည်မမြဲသော တရားတွေပါလားဟု နှလုံးသွင်းဆင်ခြင်ရာ၏ လှူနေစဉ် - ဆင်ခြင်ရာမှာ - သမထဝိပဿနာ

စသည်ဖြင့် - ဆင်ခြင်ခြင်းကို - ဆိုလိုပါတယ်။
အကယ်၍အလှူခံပုဂ္ဂိုလ်သည် အနာဂါမ်၊ ရဟန္တာ၊ ပစ္စေကဗုဒ္ဓဘုရားရှင်ဖြစ်ခြင်း၊ တရားကျင့်ပြီး နိရောဓ သမာပတ်မှထမြောက်လာခြင်းဖြစ်လျှင်၎င်း၊အလှူရှင်မှ စေတနာသဒ္ဓါတရားရှိခြင်း၊တရားသဖြင့်ရရှိသောပစ္စည်းများဖြစ်ခြင်းရှိခဲ့လျှင်တောင်း သောဆေးများ လက်ငင်း အကျိုးပေးနိုင်ပါတယ်။

၃။(ခ) ကထိန်ခင်းပုံအဆင့်ဆင့်
ပထမပိုင်း–လှူ/ ပုဂ္ဂိုလ်များကိုစ္စ
ကထိန်ခင်းနိုင်ခွင့်ရှိသူ/ ပုဂ္ဂိုလ်

(၁) ပုရိမဝါကပ်သောရဟန်း
(၂) ဝါမကျိုး၊ မပြတ်သောရဟန်း
(၃) အင်္ဂါ ၈ ပါးနှင့်ပြည့်စုံသောရဟန်း
တို့သည်ကထိန်ခင်းခံနိုင်ခွင့်ရှိသူများဖြစ်တယ်။

ပုရိမဝါ – ဝါဆိုလပြည့်ကျော်(၁)ရက်နေ့မှစတင်သည့် ဝါတွင်းကာလ

အင်္ဂါ၈ပါး (၁) ပုဗ္ဗကရဏ-၇-ပါးကိုသိရခြင်း။
(၂) ပစ္စုဒ္ဓိုရ်ပြုပုံကို-သိရခြင်း။
(၃) အဓိဋ္ဌာန် ပြုပုံကို-သိရခြင်း။

(၄) ကထိန်ခင်းပုံကို သိရခြင်း။
(၅) မာတိကာ - ၈ - ပါးကိုသိရခြင်း။
(၆) ပလိဗောဓ - ၂ - ပါးကိုသိရခြင်း။
(၇) ကထိန်နုတ်ပုံကို - သိရခြင်း။
(၈) ကထိန်းခင်းရခြင်းအကျိုးကို - သိရခြင်း။

စတဲ့အကြောင်းအရာတွေနှင့်ပြည့် စုံသူ ရဟန်းသံဃာများဟာကထိန်ခင်းအလှူခံနိုင်ခွင့်ရှိတယ်။

၃။(ဂ) မိသားစုဘုံကထိန်စသည်ဖြင့်လှူခြင်းအကြောင်း

ဝိနည်း/သုတ္တန် နှစ်မျိုးကိုကြိုတင်သိထားအပ်တယ်။

**သုတ္တန်သံဃိက**

တစ်သာသနာလုံးရှိသံဃာအားလုံးသည်ဆိုင်သာဆိုင်၍ - မပိုင်သောသံဃာပစ္စည်းဖြစ်တယ်။
(ကောဏ္ဍညအမှူးပြုနိုင်)

**ဝိနည်းသံဃိက**

ဖြစ်သောအရာမ်တွင် - သံဃာများသည် ဆိုင်လည်း ဆိုင်ပိုင်လည်းပိုင်သော ပစ္စည်းဖြစ်တယ်။(ရှင်သာရိပုတ္တရာအမှူးပြု၍ လက်ရှိ သံဃာ ဖြစ်ဆဲဖြစ်လတ္တံ့ သံဃာအားလုံး)

* ပုဂ္ဂလိကကထိန် - တစ်ဦးတည်းလှူသောကထိန်

* ဘုံကထိန် - အများစုပေါင်း၍လှူသောကထိန်ဟူ၍(၂) မျိုးနှစ်စားရှိတယ်။

* ကျောင်းတွင်းကထိန်ခင်းခြင်း

ကျောင်းတွင်းရှိသံဃာအများစုသာဆိုင်သည် ပိုင်သည်ဟု အဆိုရှိတယ်၊ ၎င်းကျောင်းအတွင်းမှ အခြားနေရာအရပ်သို့ ဆက်လက်ရွှေ့ပြောင်းနိုင်ခြင်းမရှိပေ။ ကျောင်းပြင်/တစ်နေရာရာ၌ ကထိန်ခင်းခြင်းမှာ တစ်သာသနာလုံး/သံဃာအားလုံးနှင့်ဆိုင်သည်ဟုဆိုတယ်။

* ဗုဒ္ဓအလိုတော်ကျကထိန်သင်္ကန်းအလှူ "(မိသားစုကထိန် အလှူလှူပုံလှူနည်း)"

ဖိတ်စာ

ထေရဝါဒဗုဒ္ဓသာသနာ၏ဩဝါဒများနှင့်အညီကျင်းပမည့် ဗုဒ္ဓအလိုတော်ကျကထိန်သင်္ကန်း ကပ်လှူပွဲသို့ကြွရောက်၍ သာဓုအနုမောဒနာ ခေါ်ဆိုကာ ကထိန်အာနိသင်မျှဝေယူတော်မူနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါတယ်။

(ဂန္ဓဝင်မောင်ဝိုင်း)+တက္ကသိုလ်မကျည်းတန်
ဂန္ဓဝင်မိသားစု

၁၂/ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

အစီအစဉ်

* ကထိန်ခင်းမည့်အရပ်–ဆရာတော်ဘဒ္ဒန္တပညာ ဇောတ၏
ပညာ ရောင်ခြည်ကျောင်းတိုက်၊
သစ်တော (၁)လမ်း၊၊ (၁၃)ရပ်
ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)
မြို့နယ်။
* နေ့ရက် ၁၅၊ ၁၁၊၂၀၀၄ ခုနှစ်
* အချိန် နံနက်(၈း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ
လှူဒါန်းသူလူပုဂ္ဂိုလ်များအားဧည့်ခံချိန်နေ့(၁၁း၀၀) နာရီ
ရဟန်းသံဃာများ အားနေ့ဆွမ်းဆက်ကပ်
မှုအပါအဝင် ကထိန်အနုမောဒနာ တရားနာ
ယူကာ လှူဖွယ်ပစ္စည်းအစုစုတို့ အတွက်ရေ
စက်သွန်းချအမျှဝေပြီးလျှင် လူပုဂ္ဂိုလ်များ
အတွက်လှူဒါန်း ခြင်းကိစ္စပြီး၏။(ပထမပိုင်း)

၁၅၊ ၁၁၊၂၀၀၄ နေ့အလှူပွဲအစီအစဉ်

– နမောတဿ(၃)ကြိမ်ရွတ်ဆို၍အစမ်းအနားစတင်ခြင်း၊
– လူပုဂ္ဂိုလ်များအား ဧည့်ခံကျွေးမွေးခြင်း။
– ကထိန်လျှာဥတ်သက်န်း၊/အရံသက်န်းများ နှင့် လှူဖွယ်

ပစ္စည်းအစုစု - တို့ကို -ပဓါနနာယကဆရာတော်အား လှူဒါန်းခြင်း၊
(ကျွမ်းကထိန်စိဝရဲ့သံဃသဿဒေမဟူ၍ငင်း၊)
(ကျွမ်းကထိန်စိဝရဲ့အသုကဝိဟာရေသံဃသဿဒေမ)

- နာယကဆရာတော်နှင့်ပင်သံဃာအားလုံးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊၊
- ဆရာတော်ဘဒ္ဒန္တပညာဓောတမှရှစ်ပါးသီလပေးခြင်း၊၊ ကထိန် အနုမောဒနတရားတော်များ ဟောကြားချီးမြှင့်ခြင်း၊ ရေစက်သွန်းချ အမျှဝေခြင်းကိစ္စများဆောင်ရွက်ခဲ့ပါတယ်။
- ညည့်ပရိ - သတ်များအား သာဓုခေါ်ယူစေ၍ - ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု(၃)ကြိမ်ရွက်ဆို၍ - အစမ်းအနား ပထမပိုင်းပြီးဆုံးခဲ့ပါတယ် (လှုပွဲကျလ်)

*ဒုတိယပိုင်း — သံဃာတော်များမှ - အလှူခံရရှိသော ဉတ်သက်န်း (ကထိန်လျာသင်္ကန်းကိုယူဆောင်၍ သိမ်သို့ကြွရောက်ကာ ကထိန်ခင်းခြင်းကိစ္စများ သုပ်ဆောင်ကြပြီးဖြစ်တယ်။)(ရဟန်းသံဃာကိစ္စ)
- နေ့လည်ဖက်တွင် ကထိန်အနုမောဒနတရား ချီးမြှင့်ပြီးမှသာ-ကထိန်ခင်း အလှူပြီးဆုံးခြင်း ရောက်၏။

၃။(ခ) <u>ဒုတိယပိုင်း(ရဟန်းသံဃာများကိစ္စ)</u>

- ကထိန်ခံယူရရှိသောသင်္ကန်းကိုယူဆောင်၍ရဟန်း

သံဃာများ၏ လုပ်ငန်းကိစ္စရပ်ဖြစ်သော သိမ်အတွင်း၌ အဆင့်ဆင့်အမေးအဖြေ - များပြုလုပ်ခါ - အမိန့်ခြာ တင်ကြသည့် ရဟန်းကိစ္စများဖြစ်တယ်။

- ကထိန်ခံယူရရှိသောသင်္ကန်းအား အမိန့်ခြာတင်ရာတွင် ဖိတ်ထား သောသံဃာများမှ ကူညီခြင်းနှင့်နေခြင်းပြီး ကမ္မဝါစာရွတ်ဆိုခြင်း တို့ကိုရင်း ဆောင်ရွက်ကြတယ်။ (ဖွပ်/ စီရင်/ ဖြတ်/ တည်းစပ်/ ချုပ်/ ဆိုး/ ဗိန္ဒုထိုး)

- ဟူသော ပုဗ္ဗကရဏခုနစ်ပါးကို ပြုရမည်၊ အသင့် ချုပ်ပြီး - သင်္ကန်းဖြစ်လျှင် - ဗိန္ဒုသာတိုးရမည်တဲ့။

- ယွင်သင်္ကန်းအဟောင်း(ဒုကုဋ်)ကိုအမိန့်ခြာချရမည်တဲ့။

၄။ <u>ရဟန်းသံဃာများ၏လုပ်ပိုင်ခွင့်</u>

(၁) ကထိန်အလှူမတည်ဒါယကာ/ မနစ်ဦးပေါ်ခဲ့သော် ရဟန်းသံဃာအတွက် အကျိုးများသည် ကိုရွေးချယ်နိုင် ကြောင်း အထက်မှာ ဖော်ပြပြီးဖြစ်တယ်။

(၂) ကထိန်နုတ်ယူခြင်းကိစ္စ

ရဟန်းသံဃာများအတွက် ကထိန်အလှူ ခံယူနိုင် ခွင့်ကို တစ်နှစ်တွင်တစ်ကြိမ်သာ ဘုရားရှင်မှ ခွင့်ပြုတော် မူတယ်။

ကထိန်ခံယူပြီးနောက်မှ အကာလကထိန်အလှူရှင် ပေါ်လာသော် - သံဃာအတွက်အကျိုးများလျှင် ကထိန်နုတ်ယူ ခွင့်ကိုဘုရားရှင်မှ ခွင့်ပြုတော်မူပြန်တယ်၊

သံယံ့ကိုရည်စူး၍ လှူသောအကာလ သင်္ကန်းပင် ဖြစ်တယ်၊ သို့သော်ထပ်မံ၍ ကထိန်ခင်းခံခွင့်တော့ မပြုပါ။

၅။ <u>အဝတ်/သင်္ကန်းလှူခဲ့ကြဖူးသောသူများ၏ အတိတ်ဇာတ်-ကြောင်းများ၊</u>

**ဥမ္မာဒန္တီ**

ဥမ္မာဒန္တီလောင်းလျာသည် - ကဿပဘုရားရှင် ခေတ်အခါက- သူ-ဆင်းရဲမတစ်ဦးဖြစ်ခဲ့ဖူးတယ်တဲ့၊ (ဇာတ်အဋ္ဌကထာ) သူဌေးကြီး - တစ်ဦး၏အိမ်မှာ သုံးနှစ်သုံးမိုး အလုပ်လုပ်ခဲ့ပြီးနောက် ဝတ်ပန်း ပုဆိုးတစ် ထည်ကိုအဖိုးအခအဖြစ်ရခဲ့တယ်။မိဘအိမ်သို့ ပြန်လာရာ လမ်းခရီး၌ရဟန္တာတစ်ပါး၊ ဆွမ်းခံကြွလာရင်း နိုးသား ဓါးပြများမှာ သင်္ကန်းကိုလုယူ-လုယက်သွားကြတယ်။ ရဟန္တာမှာလည်း-သစ်ရွက်သင်္ကန်းအဖြစ်-ဝတ်လျက် လာသည်ကိုမြင်သဖြင့် ကြည်ညိုစိတ်ဖြင့် မိမိတွင်ရှိသော ဝတ်ပန်းပုဆိုးကို သင်္ကန်းအမှတ်ဖြင့်-လှူဒါန်းခဲ့တယ်။ ✱ထူးခြားတဲ့ဆုတောင်းကိုတောင်းခဲ့တယ်၊ ဤကောင်းမှု ကြောင့်ကဿဟဘုရားရှင်လက်ထက်မှာပင်၊ ဥမ္မာဒန္တီဖြစ်၍ အလွန်ချောမောလှပသောကြောင့်- ပုထုဇဉ်-ယောကျ်ား အပေါင်းမြင်လျှင်ပင်-ရူးသွပ်စေခဲ့တယ်၊ သိဝိမင်းနှင့် ပုဏ္ဏား(၄)ဦးတို့ပင် အယောင်ယောင်အမှားမှား ဖြစ်ခဲ့ကြပုံ

/ရှုးသွပ်ခဲ့ကြပုံ - များကို - သိရှိကြပြီးဖြစ်တယ်။
★ သူ့ဆုတောင်းကလည်းထူးခြားပါဘိ၊ "ဤကောင်းမှုကြောင့် - ဖြစ်လေရာဘဝတိုင်းမှာ - သူ့ကိုမြင်လျှင် ပုထုဇဉ်ယောကျ်ားဟူသမျှ အရူးပမာ ရူးသွပ်မဆည်နိုင်အောင် အလှဆုံးဖြစ်ရပါလို၏တဲ့"

- အဝတ်သကၤန်းလှူကာမျှနှင့် ဤမျှလောက်အကျိုးထူးရှိခဲ့ပင်လျှင် - သင်္ကန်းအစစ်ကို - စေတနာအမှန်သဒ္ဓါအမှန်ဖြင့်- လှူလိုက်ရလျှင် အဘယ်မျှအကျိုးရရှိနိုင်ကြောင်း၊ ခန့်မှန်းမိတယ်။
- ဥပ္ပလဝဏ်ထေရီမဖြစ်၍ နိဗ္ဗာန်ဝင် - ခဲ့တယ်။
- ဥမ္မာဒန္တီဟာ နောက်ဆုံးဘဝ၌ဥပ္ပလဝဏ်ထေရီမဖြစ်၍ နိဗ္ဗာန်ဝင်- ခဲ့တယ်။
- ဥမ္မာဒန္တီလောင်းလျာဟာ ကဿပဘုရားရှင်လက်ထက်အခါက လှူခဲ့ဖူးတယ်၊
- ကဿပဘုရားရှင်လက်ထက်အခါမှာပင်- ဥမ္မာဒန္တီဟာ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသမီးဖြစ်ခဲ့ပြန်တယ်။

## ခေမက (ဓမ္မပဒအဋ္ဌကထာ)

- ကဿပဘုရားလက်ထက်အခါက ခေမက - လောင်းလျာဟာ ထိပ်တန်းစားလက်ဝှေ့သမား တစ်ဦးဖြစ်ခဲ့ဖူးတယ်။ မြတ်စွာဘုရား ရဲ့ ရွှေစေတီမှာ အဝတ်သကၤန်းလှူခဲ့ဖူးတယ်။ လှူဒါန်းပြီး ဆုတောင်း ခဲ့ပုံမှာ 'ဤ

ကောင်းမှုကြောင့်ဖြစ်လေရာဘဝတိုင်းမှာ သူစိမ်းအမျိုးသမီး မှန်သမျှဟာ မိမိကိုမြင်လျှင် မနေနိုင်အောင် တပ်မက်ကြပါစေသတည်းတဲ့"

- ဗုဒ္ဓမြတ်စွာဘုရားရှင်ခေတ်အခါမှာ အလွန်ထင်ရှားသော အနာထပိဏ်သဌေးကြီး၏(နမကမွေးသော) တူခေမက သတို့သားဖြစ်လာတယ်။
- ရှေးဆုတောင်းကြောင့် ခေမကဟာ ဆွေမျိုးမတော်စပ်သော သတို့သမီးတိုင်း ဣန္ဒြေကိုမသိမ်းဆည်းနိုင်အောင် အဆင်း၊ လှခြင်းစတဲ့ လောကီအကျိုးကိုရခြင်း။
- နောက်ဆုံးမြတ်စွာဘုရားထံမှာ တရားနာရ၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကိုရယူခြင်းဟူသောလောကုတ္တရာအကျိုးကိုလည်း ရရှိခြင်း။
- ရှေးဆုတောင်းကောင်းခဲ့လို့ဒီဘဝမှာဆွေဂုဏ်မျိုးဂုဏ် ပစ္စည်းဂုဏ် ပြည့်စုံပြီး ထိပ်တန်းရောက်ခဲ့တယ်။ ခေမကကိုနှစ်သက်ကြသော အမျိုးသမီးများ၏ မိဘမောင်ဘွားများမှ ခေမကအား ဖမ်းဆီးပြီး ဘုရင့်ထံအပ်ကြတယ်။
- ဘုရင်ကလည်း အနာထပိဏ်သဌေးကြီး ၏ မျက်နှာကို ထောက်ပြီး၊ ဖမ်းဆီးရမိသော ခေမကအား(၃) ကြိမ် မြောက်လွှတ်ပေးခဲ့တယ်။ နောက်ဆုံးအကြိမ်သူဌေးကြီး သိသွားပြီး တူဖြစ်သူ ခေမကအား ဘုရားရှင်ထံသွားပြီး တရား နာစေခဲ့တယ်။ ဗုဒ္ဓဘုရားရှင်မှလည်း ခေမကနှင့်

သင့်တင့် လျောက်ပတ်သော တရားကိုဟောကြားပေး ခြင်းဖြင့် တရားနာ ယူရင်း၊ သူရဲ့ဖြစ်ဆဲရုပ်နာမ်အစဉ်ကို နလုံးသွင်းရှုမှတ်သွား လိုက်တာ သောတာပန်ဖြစ်သွား တယ်တဲ့၊ သဏ္ဍာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ အကြွင်းမဲ့ပြုတ်သွားပြီး အပါယ်ဘေးမှ လုံးဝကင်းဝေးသွားစေခဲ့ - တယ်တဲ့။

**ရှင်မဟာကဿပ**

သံယုတ်အဋ္ဌကထာအင်္ဂုတ္တိုရ်ရဲ့ အဋ္ဌကထာ၌ ဝိပဿီ

- မြတ်စွာ ဘုရားလက်ထက်အခါ ကောသာဋက အမည်ရှိ ပုဏ္ဏားဟာ ဘုရားရှင်အား အဝတ်ပုဆိုးတစ်ထည်လှူ ခဲ့ဖူးတဲ့အကျိုးကြောင့် ဒိဋ္ဌဓမ္မအကျိုးအဖြစ် အဝတ်သုံး ဆယ့်နှစ်စုံရခဲ့ဖူးတယ်။
- ထိုဘဝမှာပင် ကမ္ဗလာတစ်ခုကို ဘုရားမျက်နှာကြက် အဖြစ် လှူခဲ့ဖူးတဲ့အကျိုးကြောင့် ခြောက်ဆယ့်လေးခု စီရှိသောဆုရ၍ ပုရောဟိတ်မင်းဆရာဖြစ်ခဲ့ရတယ်။
- ကဿပ ဘုရားမပွင့်မီ သူကြွယ်မျိုး၌ဖြစ်ခဲ့စဉ် ပစ္စေက ဗုဒ္ဓတစ် - ပါးသင်္ကန်းချုပ်ရာ၌ - အလျားအနားပတ် မလောက်သည်ကိုမြင်၍ ပုဆိုးတစ်ထည်လှူခဲ့ဖူးတယ်။
- နောက်ဗာရာဏသီပြည်၌ သူဌေးသားဖြစ်၍ တစ်ယူဇနာ ရှိသော ရွှေစေတီကို ကမ္ဗလာသင်တိုင်းဖြင့် ရစ်ပတ် ပူဇော်ခဲ့တယ်။
- ငါးနောက် ဗာရာဏသီပြည်၌ပင် အမတ်မျိုး ၌

သတို့သား ဖြစ်လာတယ်။ မိခင်ပေးသောပုဆိုးကို ကြမ်းသည်ဆိုပြီး

- နူးညံ့သောအဝတ်ပုဆိုးရှိရာ အရပ်သွားမည်ဟု မဂ်လာဥယျာဉ်သို့သွား၍ အိပ်နေစဉ် ပုဿ ခေါ် မဂ်လာရထား ဆိုက်လာသဖြင့် ဗာရာဏသီမင်း အဖြစ်ရခဲ့တယ်၊ ဆက်သသောတစ်သိန်းတန်ပုဆိုးကိုပင် ကြမ်းလှသည်ဆိုခါ ရွှေကရားဖြင့်မြေသို့ ရေလောင်း ချလိုက်ရာ အရပ်လေးမျက်နှာမှ ပဒေသာပင်ရှစ်ပင်စီ ပေါ်ပေါက်လာတယ်။ (၃၂ပင်) ထိုပဒေသာ ပင်မှ နတ်ဝတ်ပုဆိုးကိုယူ၍ ဝတ်ဆင်ရတယ်။ တိုင်းနိုင်ငံသူ/သားတို့လည်း ထိုပဒေသာပင်မှပင် အဝတ်အထည် ယူငင်ဝတ်ဆင်ကြရတယ်။ ထိုဘဝမှာပင် မိမိတို့ကိုး ကွယ်ထားသော - ပစ္စေကဗုဒ္ဓါ်ငါးရာ - ပရိနိဗ္ဗာန် စံတော်မူသည် ကိုတွေ့မြင်ရပြီးနောက် ထိတ်လန့်သဖြင့် ရသေ့ရဟန်းပြုခါ ဈာန်ရပြီးနောက် ပျံလွန် တော်မူခဲ့ တယ်။ နောက်ထပ် ဖြဟ္မာပြည်မှာဖြစ်တယ်။

ဖြဟ္မာပြည်မှ စုတေသောအခါ - ဂေါတမဘုရား လက်ထက် ပိပ္ပလိ လုလင်ဖြစ်လာတယ်။ ဘဒ္ဒါကာ ပိလာနီ နှင့်လူကြီးမိဘများ၏ ဆန္ဒအရ ထိမ်းမြား ခဲ့တယ်။ လယ်ထွန်ရာမှာ ပိုးကောင်တို့ကို ကျီးငှက်တို့

ထိုးသုတ်ကောက်စားသည်ကိုမြင်လျှင် - လောကကြီးအားငြီးငွေ့ကာ ရဟန်းပြုရန်ထွက်အလာ ဗုဒ္ဓဘုရားရှင်နှင့် တွေ့ခဲ့တယ်။

- ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ဆီးကြိုပြီး ဒုကုဋ်သင်္ကန်းကိုလည်း ပေးတော်မူခဲ့တယ်၊ ရဟန်းအဖြစ်ခံယူတော်မူပြီးနောက် - ဓုတင်တေရသဆောင်တေဒဂ်ရ - အရှင်မဟာကဿပ - ဟု - ကျော်စောထင်ရှားသော မထေရ်ဖြစ်ခဲ့တယ်။
- ရှင်မဟာကဿပလောင်းလျှာသည် ဖြစ်လေရာဘဝတိုင်းမှာသင်္ကန်းအလှူကိုသာ သဒ္ဓါပွားရှဲ လှူခဲ့တာများတယ်။
- "သဒ္ဒိသံပါကံ စနေတိ"အရ အထည်ပွားများခြင်း အကျိုးကို ရခဲ့တယ်။
- နန္ဒသတို့သားဖြစ်စဉ် ပုဆိုးပဒေသာပင် ပေါက်လောက်အောင် အကျိုးတရားခံစားခဲ့ရတယ်။
- ဘုရားနှင့်တွေ့စဉ်ရခဲ့လှစွာသော ဘုရားရှင်၏ ပံ့သကူ ဒုကုဋ် သင်္ကန်းကြီးကို အမွေခံအဖြစ်ရခဲ့တယ်။
- ဓုတင်ဆောင်တေဒဂ်ရ အရှင်မဟာကဿပအဖြစ် သာသနာတွင် ထင်ရှားပြီးနောက် နိဗ္ဗာန်စံဝင်ခဲ့တယ်။

**သင်္ကန်းလှူရသော အကျိုးများအကြောင်း**

ဓမ္မပဒ၊ အင်္ဂုတ္တိုရ်စသော အဋ္ဌကထာတို့၌ သင်္ကန်း

လှူရသော အကျိုးများကြောင့် မာတုဂါမ တို့အားကိုး ကုဋေထိုက်တန်သော - မဟာလတာတန်ဆာကို ဆင်မြန်းရခြင်းဖြင့် အထွတ်အထိပ်သို့ရောက်ခဲ့ဖူး၏။

*ဘုရားရှင်လက်ထက်အခါ - ကျောင်းအစ်မဝိသာခါ
- ဗန္ဓုလစစ်သူကြီးကတော် မလ္လိကာ
- ရာဇဂြိုလ်သူဌေးသမီး
* ယောကျ်ားတို့မှာကား တန်ခိုးအားဖြင့် အလိုလို ဖြစ်သော
- သပိတ်
- သင်္ကန်း
- ပရိက္ခရာအစုံအလင်နှင့် တကွဧဟိဘိက္ခုရဟန်း ဖြစ်၍ထွတ်အထိပ်သို့ ရောက်၏။

ဘုရားရှင်လက်ထက်အခါ၌ ပဥ္စဝဂ္ဂီအစပြု၍ ထောင်ပေါင်းများ စွာသောယောကျ်ားတို့သည် သင်္ကန်းလှူခဲ့ကြသောအကျိုးကြောင့် ဧဟိဘိက္ခုများဖြစ်ပေါ မင်္ဂလာနှင့်ပြန်ရကြလေတယ်။

* ဒါကြောင့် ကထိန်သင်္ကန်းအလှူသည် ထူးကဲမွန်မြတ် လှပေ၏။

၆။ <u>သိမှတ်စရာဗဟုသုတအဖြာဖြာ</u>

သံဃာဂုဏ်တော် ၉ ပါး

(၁) သုပ္ပဋိပန္န - ကောင်းသောအကျင့်ရှိခြင်း။
(၂) ဥဇုပ္ပဋိပန္န - ဖြောင့်မတ်သောအကျင့်ရှိခြင်း။
(၃) ဉာယပ္ပဋိပန္န - သင့်သောအကျင့်ရှိခြင်း။
(၄) သာမိစိပ္ပဋိပန္န - ရိုသေထိုက်သောအကျင့်ရှိခြင်း။
(၅) အာဟုနေယျ - ဆွမ်းဦးကိုအလှူခံထိုက်ခြင်း။
(၆) ပါဟုနေယျ - ဧည့်ဝတ်ကိုအလှူခံထိုက်ခြင်း။
(၇) ဒက္ခိဏေယျ - မြတ်သောအလှူကိုခံထိုက်ခြင်း။
(၈) အဉ္ဇလိကရဏီယ - ရှိခိုးခံထိုက်ခြင်း။
(၉) အနုတ္တရံပုညက္ခေတ္တံ - မြတ်သောကောင်းမှုပြုရာဌာန ဖြစ်ခြင်း။

<u>လူသားများမဖူးရတဲ့စေတီ(၃)ဆူ</u>

၁။ စူဠာမဏိစေတီတော်(ကောင်းကင်ယံ-သိကြာမင်းစံ နေရာ၌ တည်ရှိသည်)
၂။ ဒုဿစေတီတော်(ကောင်းကင်ယံ-သုဒ္ဓါဝါသဗြဟ္မာ ဘုံမှာတည်ရှိသည်)
၃။ မဟာသရစေတီတော်(ဟိမဝန္တာတောင်အတွင်း

မန္တာဂီရိအမည်ရှိတောင်၌ တည်ရှိသည်။ မဟောသရ အမည်ရှိ တန်ခိုးကြီးနတ်တစ်ပါးတည်ထားကိုး ကွယ်သည့်ရုပ်ပွားတော်စေတီဖြစ်သည်။

* ဗုဒ္ဓဘာသာဝင်များသိထားပြီးရှိနိုးနေကြဖြစ်သည့်
၁။ ဓါတုစေတီ
၂။ ဥဒ္ဒိဿစေတီ
၃။ ပရိဘောဂစေတီ
၄။ ဓမ္မစေတီ တို့ဖြစ်တယ်။

* ၄င်းစေတီ(၃)ဆူနှင့်(၄)ဆူကို မရောနှောမိစေဖို့ သတိနှင့် ဆင်ခြင်ရမည်။

နာမည်တူနှစ်ဦး

- မယ်တော်မာယာနှင့် ပဇာပတိ မိထွေးတော်ဂေါတမီတို့ ၏ဖခင်အမည်ရင်းမှာ (အဥ္စန)ဖြစ်တယ်။ ဒေဝဒဟမင်း ဖြစ်သောအခါ သုပ္ပဗုဒ္ဓဖြစ်လာတယ်။
- ၄င်း သုပ္ပဗုဒ္ဓ မင်းနှင့် ဧယသေနမင်း၏သမီးတော် ယသောဓရာ တို့ပေါင်းဖက်ရာမှ
၁။ သိရိမဟာမာယာ (ဗုဒ္ဓမြတ်စွာ၏မယ်တော်)
၂။ ညီမတော်ပဇာပတိဂေါတမီ(ဗုဒ္ဓ၏မိထွေးတော်/ အဒေါ်)
၃။ ဒဏ္ဍပါဏိ (ဗုဒ္ဓ၏ဘထွေးတော်)

၄။ သုပ္ပဗုဒ္ဓ (ဗုဒ္ဓ၏ယောက္ခမအမည်/ယသောဓရာ၏ဖခင်)

အမည်တူ(၂)ဦး

၁။ သုပ္ပဗုဒ္ဓ-(ဗုဒ္ဓ၏ယောက္ခမ/ယသောဓရာ၏အဖိုး အမည်)

၂။ ယသောဓရာ-(မိဖုရားယသောဓရာ၏အဖွား အမည်/ဗုဒ္ဓ၏မိဖုရားအမည်)

* အမည်နာမခြင်းတူသော်လည်း ပုဂ္ဂိုလ်ခြင်းကွာခြား ကြသည်ကို မှတ်ယူနိုင်ပါတယ်။

* လောကနီတိ မှတ်ယူဘွိ

၁။ လောက၌ ပျင်းသောသူမှာအတတ်ပညာမရှိနိုင်

၂။ အတတ်ပညာအသက်မွေးဝမ်းကြောင်းမရှိက၊ မကြီး ပွားနိုင်ပါ၊ စီးပွားမရနိုင်ပါ။

၃။ စီးပွားဥစ္စာမရှိက မိတ်ကောင်းဆွေမွန်မရနိုင်ပါ။

၄။ မိတ်ကောင်းဆွေမွန်မရှိက ချမ်းသာသုခမရရှိနိုင်ပါ။

၅။ ချမ်းသာသုခမရရှိသောအခါ ကောင်းမှုကုသိုလ် မပြုနိုင်ပါ။

၆။ ကောင်းမှုကုသိုလ်မရှိက နိဗ္ဗာန်ချမ်းသာကို မရရှိနိုင် ပါ။

* လောကနိယာမအရ အပျင်းမဖက်ပါနှင့် မိဘနှင့်သားသမီး

မိဘနှင့်သားသမီးတို့သည် အပြန်အလှန်သိတတ်မှု

နားလည်မှုရှိရမည်၊ သားသမီးတို့သည် မိဘ၏အမှုအကျင့်ကို လိုက်နာတတ်သည်ကများသည်။ "လက်ဦးဆရာမည် ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"ဟု သင်္ဂဟာဆရာတော်က ဆောင်ပုဒ်ရေးသားခဲ့တယ်။

- မကောင်းမေတ္တာ ၊ ကောင်းရာညွှန်လတ်
- အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်
- ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

သား(၃)မျိုး

၁။ အတိဇာတသား - အမိအဘထက်အရာရာသာလွန်သောအရည်အချင်းရှိ၏

၂။ အနုဇာတသား - အမိအဖနှင့် တူညီသောအရည်အချင်းရှိ၏။

၃။ အဝဇာတသား - အမိအဖတို့ထက် နိမ့်ကျသောအရည်အချင်းရှိ၏။

သားသမီးတို့ဘက်မှလည်း

ကျွေးမွေးမပျက်
ဆောင်ရွက်စီမံ
မွေ့ခံထိုက်စေ
လှူပျော်ဝေ၍
စောင့်လေမျိုးနွယ်

ဝတ်ငါးသွယ်ဟူသော - သားသမီးကျင့်ဝတ်ကို မပျက်မယွင်းလုပ်ဆောင်ရာ၏။

* ဒါကြောင့် - မိဘကိုမသေခင်ပြုစုပါ၊ ကျွေးပါ၊ သေမှ မငိုပါနှင့် ။

၆။(ခ) ထူးခြားလှတဲ့လတန်ဆောင်

ဗုဒ္ဓမြတ်စွာသက်တော်ထင်ရှားရှိစဉ်အခါက ကျောင်းဒါယကာဖြစ်တဲ့ အဇာတသတ်မင်းဟာ လူပေါင်းမှားလို့ ဖခမည်းတော်ကိုပြစ်မှားပြီးသတ်ခဲ့တယ်။ သူ့မှာအဲ့ဒီပဉ္စာနန္တရိယကံ ကျူးလွန်ခဲ့တဲ့အပြစ်ကြောင့် စိတ်နှလုံးမချမ်းမြေ့နိုင်ဘဲ - သောကအမြဲဖြစ်ခဲ့ရတယ်။ နောက်ဆုံးတွင် ဆရာဇီဝက၏အကူအညီဖြင့် ဘုရားရှင်ထံမှောက်ရောက်ခဲ့တယ်။ သူဘဝင်မတင်မကျဖြစ်သောအကြောင်းကို လျှောက်ထားသောအခါ ရဟန်းပြုရခြင်း လက်တွေ့အကျိုးထူးပေးပုံ(သာမညဖလသုတ်တော်)ကို ဘုရားရှင်မှဟောတော်မူခဲ့တယ်။ ဤသုတ်တော်တွင်ရဟန်းပြုရခြင်း၏ မျက်မှောက်အကျိုးတစ်ခုစီကို - သဘာဝတ္ထကျကျ - ရှင်းပြထားပြီး ဟောကြားတော်မူခဲ့တယ်။

ဤသုတ်တော်သည် ရဟန်းနှင့်အလှူဒါယကာ/ဒါယကာမတို့အတွက် "ပြဒါးရှိန်"သဖွယ်ဖြစ်၍ နှစ်ဦးနှစ်ဖက်အတွက် ရေချိန်ကိုက်မကိုက် (ညီမညီ)ဤသုတ်တော်ဖြင့် တိုင်းထွာကြည့်နိုင်တယ်။ ဤသုတ်တော်ကို

ကြားနာရသဖြင့် အစာတသတ်မင်းသည် ဥပသကာဖြစ်ခဲ့တယ်။ ၄င်းအပြင် ပုထုဇဥ်များစွာအနက်မှ ရတနာသုံးပါးအား အကြည်ညိုဆုံး ပုဂ္ဂိုလ်ထူးအဖြစ်လည်း ဘုရားရှင်မှ တေဒဂ်ဘွဲ့ပေးအပ်ခဲ့တယ်။ ပထမသင်္ဂါယနာတင်ရာတွင်လည်း ဒါယကာဖြစ်ခွင့်ရခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီး ကြွင်းကျန်ရစ်သော သရီရဓာတ်တော်များ ရှာဖွေစုဆောင်းကာ ဓာတ်တော်တိုက်ကြီးတစ်ခုတည်ထားပူဇော်ခြင်း၊ စသည့်ကုသိုလ်ရေးလုပ်ငန်းများစွာရှက်ဆောင်ခဲ့တယ်။

* ဆဋ္ဌမသင်္ဂါယနာတင်သည့်အချိန်ထိတိုင်အောင် တန်ဖိုးရှိသည့် ပိဋကတ်တော်များ မတိမ်းမစောင်း၊ မပျောက်ပျက် ဆက်လက်တည်ရှိနိုင်အောင် သာသနာ့ဝန်ထမ်းရဟန်းတော်များ အဆင့်ဆင့် လက်ဆင့်ကမ်း ထိမ်းသိမ်းစောင့်ရှောက်လုပ်ဆောင်ခဲ့တယ်။ တန်ဆောင်မုန်းလပြည့်နေ့တွင် အစာတသတ်မင်းအား မြတ်စွာဘုရားရှင်မှ (သမညဖလ) သုတ် တော်ကိုဟောကြားတော်မူခဲ့တယ်။ ထူးမြတ်တဲ့လ တစ်လဖြစ်တယ်။ ၄င်းနေ့ကို (သမညဖလ)အခါတော်နေ့ ဟုလည်းခေါ်ဝေါ်ကြတယ်။

*<u>တန်ဆောင်မုန်းလနှင့်ကထိန်ပွဲ၏ တစ်နွယ်င်တစ်စင်ပါသည့် အကြောင်း</u>

(၁) ကထိန်သင်္ကန်းကပ်လှူတဲ့ပွဲ

(၂) မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ

(၃) ပုံသကူသကိန်းပစ်လှူတဲ့ပွဲ
(၄) ကြတ္တိကာနက္ခတ်ပွဲ
(၅) မီးထွန်းပွဲ ၊ (တန်ဆောင်မုန်းဆီမီးပူဇော်ပွဲ)
(၆) မယ်ဧလီဖူး/ ရှက်သုတ်ပေးလှူသည့်ဓလေ့ပွဲ
(၇) ကာလသားတစ်သိုက်၏ ကျိုးမနိုးပွဲနှင့်သီချင်းဟစ်ပွဲ
(၈) ကာလသားများအပျော်သဘောပစ္စည်းနိုးယူဝှက်တဲ့ပွဲ
(၉) မုန့်ဆမ်းအလှူပွဲတို့ဖြစ်တယ်။

- အမှတ်စဉ်(၁)မှ(၃)ထိဟာ ဘာသာရေးဖြစ်တဲ့လောကုတ္တရာ ပွဲတွေပါ။
- အမှတ်စဉ်(၄)ကြတ္တိကာ နက္ခတ်ပွဲဟာ လောကီရေးရာပွဲသက် - သက်ပါ။
- အမှတ်စဉ်(၅)မယ်ဧလီဖူး/ ရှက်သုတ်စားပြီးလှူတဲ့ဓလေ့ပွဲဖြစ် တယ်။ တန်ဆောင်မုန်းရဲ့အဓိပ္ပါယ်မှာ မီးရှူးမီးတိုင် ဆီမီးပူ ဇော်ပွဲလို့ဆိုလိုရင်းဖြစ်တယ်။ အမိုက်မှောင်ကို ချေမှုန်းပြီး ကြည် လင်စေတဲ့လဖြစ်လို့ တန်ဆောင်မုန်းလလို့ခေါ်တာပါ။ တစ်နှစ် တာ၏ နက္ခတ်အစုံထွက် သောလဖြစ်ပါတယ်။ ကြတ္တိကာ နက္ခတ်ထွက်တဲ့ တန်ဆောင်မုန်းလပြည့်မှာ လနှင့် ယှဉ်လျက်ထွက်တယ် လို့ဆိုကြတယ်။ ကြတ္တိကာ နက္ခတ်ကို မီးနတ်မင်းစောင့်တယ်၊ မီးနတ်မင်းဟာ

လူ့ပြည်ကိုဆင်းတဲ့အခါ သူ့ရဲ့ရဲဘော်ရဲဖက်ဖြစ် တဲ့ မဥ္ဇူရိုသစ်ပင်စောင့်နတ်မင်းကြီးထံရောက်တယ်၊ တည်းခိုတယ်။ လူ့ပြည်မှာရှိတဲ့အားလုံးသောနတ်အပေါင်းလည်း မီးရှူး - တန်ဆောင်းများထွန်းညှိပူဇော်ကြတယ်။ ဧည့်သည်ဖြစ်တဲ့ မီးနတ်မင်းကြီးကို အိမ်ရှင်ဖြစ်သူ လူသားတွေမှ ဧည့်ခံတဲ့မီးပူဇော်ပွဲဖြစ်တယ်။

(၆) မီးနတ်မင်းကြီးတည်းခိုတဲ့ - မဥ္ဇူရိုသစ်ပင်ဟာ ကာလရွေ့လျားပြီး မယ်ဇလီပင်လို့ပြောင်း လဲလာတယ်။ နတ်အပေါင်းစု ဝေးရာမယ်ဇလီပင်ဟာ တန်ခိုးအာနိသင်နှင့်ပြည့်စုံစေတယ်လို့ ယုံကြည်ကြလို့ မယ်ဇလီဖူး/ရွက်သုတ်စားခြင်း၊ ပေးကမ်းဒါန - ပြုခြင်းဓလေ့ ရှိခဲ့ကြတယ်၊ မယ်ဇလီဖူး/ ရွက်ဟာ(၉၆) ပါးရောဂါနှင့် အန္တရာယ်အသွယ်သွယ်ကို ကာကွယ်နိုင် တယ်လို့လည်း ယုံကြည်ကြတယ်။

အမှတ်စဉ်(၇)နှင့်(၈)ကတော့ ကာလသားများအနေဖြင့် ပျော်ပွဲ ရွှင်ပွဲအဖြစ် ပြုလုပ်ကြတယ်၊ ကျီစယ်ကြတယ်။ စိတ်မဆိုးရပါ။

(၉) တန်ဆောင်မုန်းလမှာ ကောက်နု/ကောက်သစ် ပေါ်တဲ့အတွက် [illegible] ဖျားဖျားမုန့်ဆမ်းအလှူပွဲကိုပင် နဲ့နိုင်ကြပြန်တယ်။

တန်ဆောင်မုန်းလ

* တန်ဆောင်မုန်းလရဲ့ အလှတန်ဆာဆင်ပုံတွေကတော့ အုံ့မခန်းပါပဲ
* ကထိန်သင်္ကန်းကပ်လှူပွဲ (မသိုးသင်္ကန်း)
* ပုံသကူပစ်တဲ့ပွဲ – ပုဂ္ဂိုလ်မရွေးစေတနာသုံးတန်ပြည့်စွာနဲ့ ပြုတ်သားစွာစွန့်ပစ်လှူဒါန်းတဲ့ပွဲပါပဲ။(သံဃိကဒါန မျိုးဖြစ်ပါတယ်)
* ဘုရားရှင်ကိုယ်တော်မြတ်ကြီးပင်လျှင် (ဥရုဝေဠတောမှာ) ဒီတန် ဆောင်မုန်းလ၌ ပုံသကူသင်္ကန်းကောက်ယူခဲ့ဖူး တယ်။
* ရဟန်းသံဃာနှင့်ကတွ ဗုဒ္ဓဘာသာဝင်ရှင်လူအပေါင်းကို နိဗ္ဗာန်တံ ခါးဖွင့်တဲ့လထူးလမြတ်ဖြစ်တယ်လို့- သိထား အပ်တယ်။
* တန်ဆောင်မုန်းလရာသီ၏ ကြည်လင်လှပသာယာ ပုံတွေကို စာဆိုတော်ဖိုးသူတော်ဦးမင်းနှင့် ပညာရှိ တစ်ဦးတို့စပ်ဆိုခဲ့တဲ့ ကဗျာတွေကိုလည်း သတိတရဖြစ် ခဲ့ပါတယ်။

တန်ဆောင်မုန်းလဘွဲ့ (တေးထပ်)

– မိုးဝသန်ချိန်ဆုံးလို့
တန်ဆောင်မုန်းပြီးစွာ
ဘဝါးနှစ်ရစွန်းခါဝယ်၊

ကြွတ္တိကာကြယ်မင်း၊
ခဝဲပွင့်မာလာငယ်၊
သည့်ချိန်ခါမွေ့ထုံပျံ့သင်း။
– ဗတ္တိသည္ဥ္စနာရှိမှာ၊
အင်္ဂါစမ္မီနေ့သွင်း၊
မြောက်လေပြေဆော်သွင်းလို့၊
အမင်းမင်းရာဇာ၊
ဥတ်ကထိန်ခါသမယကိုလ၊
များဒါနပြုပြုန်မြဲသာ။
– ဆဲ့ရှစ်လုံးပါဒ်သုညမှာ၊
သံသရာနောင်အရေးကိုလ၊
ထောက်ထွေးကြံဆင်ခြင်း၊
ကင်းလွတ်ကြောင်းအင်၊
မြတ်ပုညကောင်းစွင်မှာ၊
နှစ်အစဥ်ပွဲပေရှင်လေး။

တန်ဆောင်မုန်းလဘွဲ့(လွမ်းချင်း)

* မြောက်လေငယ်သွင်းပါလို့၊
မြူနှင်းငယ်စိုစို၊
မြင်တိုင်းငယ်ပြုံသည်၊
ရွှေကျိုးညိုတာရာနှင့်၊
ကြွတ္တိကာထွန်းတဲ့လကိုလေး၊

* တန်ဆောင်ငယ်မှာသ
တစ်ဆယ့်နှစ်လတွင်
ချမ်းပြရေင်
ဖြိုးစွာခွင်သို့
ရက်ငင်ပြောင်းစွာ
ဆဲညှာလဲ
နိုင်လှဝတ်မှုန်
ရနံ့သာထုံတော့တယ်
ဘုန်းဂုဏ်ကြော့သမ္ဘိန်မှာ
လှူကထိန်သဘင်ခင်းလို့
ကျင်းကြတယ်လေး။

၇။ တစ်ဆယ့်နှစ်လအခါရာသီနှင့်ပွဲတော်များအကြောင်း

(တန်ခူးလ)သင်္ကြန်ပွဲ

ဖြဟ္မာ့ဦးခေါင်းကို ကလျည့်စီကိုင်ရသောနတ်သမီး (၇)ဦးကြောင့်ဖြစ်ပေါ်လာတယ်လို့အဆိုရှိကြသည်။

၁။ ဒယီ ၂။ မဟောရထာ
၃။ ဂေါရဝသေန ၄။ ကညာ
၅။ မန္တာ ၆။ ရက္ခိတာ
၇။ ပဏ္ဏာ

သင်္ကြန်ဝေါဟာရသည် ပါဠိနှင့်သက္ကတမှ အမွေရထားသော မြန်မာစကားဖြစ်သည်။ ပြောင်းရွှေ့ခြင်း၊

ကူးခြင်းလို့ အဓိပ္ပါယ်ရသည်။ နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းသည့်လဖြစ်သည်။ သင်္ကြန်ကျသည်ဟုဆိုကြသည်။ နှစ်တစ်နှစ်(၁၂)လ၏ ပထမဆုံးလဖြစ်သည်။

သင်္ကြန်ရက်အတွင်း၌ လုပ်ဆောင်ရန်ကိစ္စအဝဝကို "အတာကမ္မ"ဟုခေါ်သည်။ သင်္ကြန်သွင်ပြင်လက္ခဏာဟုလည်း အမှတ်ပြုကြသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံမှုကိုသာလုပ်ဆောင်လေ့ရှိကြသည်။ ကျောင်းကန်ဘုရားသွားခြင်း၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို ထိုက်သည့်အားလျော်စွာ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း စသည်တို့ကို အတာကမ္မဟုလည်းဆိုသည်။ (၁၂)လပြည့်သောအခါတိုင်း သင်္ကြာရာစီလဲသောကာလဖြစ်သည်။ တစ်နှစ်တစ်ခါဤအချိန်ဤကာလရောက်တိုင်း တန်ခူးရေနှင့်မျောစေသည်။

ရေပက်ခြင်းသည် ပူလွန်းသောအချိန်အခါဖြစ်သဖြင့် အေးမြပါစေ။ အညစ်အကြေးကင်းစင်ပါစေ။ သတ္တဝါအားလုံးပေါ် အန္တရာယ်ခတ်သိမ်းကင်းငြိမ်းပါစေဟု ရည်ညွှန်းပါသည်။ ဤမျှလေးနက်မွန်မြတ်လှသည့်- လတန်ခူးပါ။

- ပထဝီဝင်အရ - ပူလွန်းသည့်အခါရာသီဖြစ်သည်။
- ရာသီခွင်အားဖြင့် - မိဿရာသီဖြစ်သည်။
- နက္ခတ်အားဖြင့် - စိတြနက္ခတ်ဖြစ်သည်။
- ရာသီပန်း - ရင်ခတ်၊ ကံ့ကော်ပန်းဖြစ်သည်။
- ပွဲတော် - သင်္ကြန်ပွဲတော်ဖြစ်သည်။

- မိုး – "တနင်္ခူးမည်မှတ်၊ဖက်ဆွတ် ရေတိုး၊ သကြိန်မိုး"ဟုရေးစပ်ကြသည်။
- ရိုးရာယဉ်ကျေးမှုသကြိန်ကိုထိမ်းသိမ်းသင့်သည်။
- သကြိန်၏အတာကမှုကိုလေးနက်မွန်မြတ်စွာ လုပ်ဆောင်ရာ၏။
- အမှားသည် အမှန်၏ဆရာဖြစ်သည်ဆိုသည့်စကား ရှိခဲ့သလို ယခင်ကချွတ်ချော်မှုပြုလုပ်ခဲ့ကြပါမှ အတာရေပက်ဖြန်းကာ ပြုပြင်လို့ရပါတယ်။
- ရှေးခေတ်သကြိန်သွင်ပြင်မှာ သပြေခက်နှင့်ရေပက်ကစားကြတယ်။
- ခေတ်လယ်ပိုင်းနှင့် နှောင်းခေတ်ယခုသကြိန်ကာလတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ဆက်လက်ထိန်းသင့်တယ်လို့ထင်မြင်မိပါတယ်။ တိုက်တွန်းလိုတယ်လေ။

"ကဆုန်လအကြောင်း"

ပွဲတော်(ညောင်ရေသွန်းပွဲ)ကဆုန်လပြည့်-ဗုဒ္ဓနေ့

ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူပြည်သားများသည် နှစ်တစ်နှစ်(၁၂)လ၏ လစဉ်ကျရောက်သော ပွဲတော်များကို တခမ်းတနားအလေးထားကျင်းပလေ့ရှိသည်။ ၄င်းရက်ထူးရက်မြတ်/ နေ့ထူးနေ့မြတ်များကို သာသနာရေးဆိုင်ရာ အခမ်းအနားများ - အဖြစ်လည်း ကျင်းပလေ့ရှိကြသည်။

ကဆုန်လတွင် - ကဆုန်လပြည့် - ဗုဒ္ဓနေ့ (ညောင်ရေသွန်းပွဲတော်)ကို ကျင်းပကြသည်။ ညောင်ရေသွန်းပွဲတော်ဆိုသည်မှာ - ဘုရားပွင့်တော်မူရာဒေသဖြစ်သည့် ညောင်ပင်ကို ရေသွန်းလောင်းပူဇော်ခြင်းပင်ဖြစ်သည်။

- ညောင်ရေသွန်းပွဲနှင့် ပတ်သက်၍ မှတ်သားရလွယ်စေရန်

(၁) ဘုရားလောင်း သုမေဓာရှင်ရသေ့သည် ကဆုန်လပြည့်နေ့၌ နိယတဗျာဒိတ် ခံယူတော်မူခဲ့ဖူးသည်။

(၂) ဂေါတမရှင်တော် အလောင်းတော်မြတ်သည် မဟာသက္ကရာဇ် ၆၈ခု၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဝိသာခါနက္ခတ်နှင့် စန်းယှဉ်နိုက်မှာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်မှ ကောင်းမွန်စွာ ဖွားမြင်တော်မူခဲ့သည်။

(၃) သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူခဲ့သည်။

(၄) သက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့၌ ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူခဲ့ပြန်သည်။

* ၎င်းကဆုန်လကို ဘုရားနှင့်ပတ်သက်သော လဖြစ်သဖြင့် အထူးအလေးထားစရာဖြစ်ပေသည်။

- ပထဝီဝင်အရကြည့်လျှင် ကဆုန်လတွင်အလွန်ပူပြင်းသည် အပူရှိန်ကြောင့် ရေနိုးရေငွေ့များ ပြန်တက်ကာ မိုးတိမ်များဖြစ်သွားကြသည်။ မိုးစသောရာသီဖြစ်သဖြင့်

မြေသင်းမိုးဖြစ်သည်။ ကဆုန်လအတွင်း မြေသင်းရနံ့သင်းပျံ့ပျံ့ဟုလည်း ရေးစပ်ကြပါသေးသည်။

- ရာသီဥတုပူလွန်းသဖြင့် ငှင်းလကိုပင် ရေပြတ်သောလဟုခေါ်ဆိုကြသည်။
- ရေပြတ်သောလဖြစ်သဖြင့် ဘုရားရှင်ပွင့်တော်မူရာ အရပ်၏ မဟာဗောဓိပင်ကို ရေသွန်းလောင်းခြင်းဖြင့် ကဆုန်လ၌ ညောင်ရေသွန်းပွဲတော် ဖြစ်ပေါ်လာခဲ့ရသည်။
- ရာသီအားဖြင့် – ပြိဿရာသီဖြစ်သည်။
- ဝိသာခါ – နက္ခတ်ဖြစ်သည်။
- ရာသီပန်းအားဖြင့်– စကားဝါပန်းများဖူးပွင့်ကြသည်။

## "နယုန်လအကြောင်း"

ပွဲတော်(စာပြန်ပွဲ) နယုန်လပြည့် မဟာသမယနေ့.

နယုန်လသို့ရောက်သောအခါ မိုးသံလေသံကြား၍ အခင်းပြုလုပ်ထားသော သားကောင်အရေ များ - အနံ့ ကျုံ့ယုံ့သောလဖြစ်သဖြင့် နယုန်လဟုခေါ်ဆိုကြသည်။ နယုန်လဟူသော အဓိပ္ပါယ်မှာ မြန်မာစကားရင်းမဟုတ်ဘဲ ပုံပျက်လာသောမြန်မာစကားဟုလည်းဆိုကြပြန် သည်။

ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားဟောသော ဒွဿဘ (၅)ပါးတွင် သာသနာတော်နှင့်ကြုံခြင်း၊ လူဖြစ်ရခြင်း၊ ရှင်ရဟန်းဘဝရခြင်းတို့ပါဝင်သည်။ ရှင်ရဟန်းဘဝရရှိရန် အလွန်ခက်ခဲကြောင်း၊ ရဟန်းကျင့်ဝတ်နှင့်အညီ နေထိုင်တတ်ရန် အလွန်အရေးကြီးကြောင်း ယုံကြည်ကြသည်။ ဝါဆိုအမှီ ရှင်ပြုရန် - နီးကပ်သော - ဇွန်နယုန်လတွင် ရှေးအခါက စာပြန်ပွဲများကျင်းပပေးခြင်းဖြင့် (၁၂)လရာသီပွဲတို့တွင် နယုန်လ၌ စာပြန်ပွဲ (စာပွဲသဘင်)ဖြစ်ခဲ့သည်။

- ပထဝီဝင်အရကြည့်လျှင်-နယုန်လတွင်-လယ်ကွင်းများ၌ရေတင်အောင်- မိုးရွာသွန်းသောလဖြစ်သည်။ လယ်ယာလုပ်ကိုင်သူများ မိုးရေရသဖြင့် လယ်ယာများကို ထွန်ယက်ကြသည်"နယုန်ရေရ မျိုးပဲချ"ဟုရှေးစာဆိုတို့ကဆိုကြသည်။ တဖန် ''နယုန်မိုးသေး မြက်သားမွေး"ဟုလည်းဆိုကြပြန်သည်။
- နက္ခတ်အားဖြင့် ဇေဋ္ဌနက္ခတ်ဖြစ်သည်။
- ရာသီအားဖြင့် - မေထုန်ရာသီဖြစ်သည်။(မြန်မာလိုခေါ်ဆိုခြင်းဖြစ်သည်။)
- ရာသီပန်းအားဖြင့် မြတ်လေးပန်းနှင့် စံပယ်ပန်းတို့ဖြစ်သည်။ ပုံမှန်ပွင့်သောပန်းများဖြစ်သည်။ (တိုးတက်သော နိုက်ဖိုးပြုစုမှုများကြောင့် ရာသီမဟုတ်ပွင့်သော မြတ်လေးနှင့်စံပယ်ပန်းတို့ ရှိသည်။)

## "ဝါဆိုလအကြောင်း"

* <u>ပွဲတော်(ဝါဆိုပွဲ)ဝါဆိုလပြည့်-ဓမ္မစကြာအခါတော်နေ့</u>

ဗုဒ္ဓဘာသာဝင်-မြန်မာပြည်သူပြည်သားများသည် နှစ်တစ်နှစ်(၁၂)လ၏ လစဉ်ကျရောက်သောပွဲတော်များကို တစမ်းတနား အလေးထားကျင်းပလေ့ရှိသည်။ ၄င်းရက်ထူး ရက်မြတ်၊ နေ့ထူးနေ့မြတ်ကို သာသနာရေးဆိုင်ရာ အစမ်းအနားများအဖြစ်လည်း၊ ကျင်းပလေ့ရှိကြသည်။

ဝါဆိုလတွင် - ဝါဆိုပွဲတော်ကို - ကျင်းပကြသည်။ ဝါဆိုပွဲသည် အထူးသဖြင့် ရဟန်းသံဃာများအတွက် ဝါဆို သင်္ကန်းကပ်လှူပူဇော်ပွဲဖြစ်သည်။ ဝါတွင်းကာလ၌ ကျောင်း ပရဝုဏ်အတွင်းမှ-ဝါဆိုသံဃာများ ညဉ့်အိပ်ညနေ မထွက်ရ သော ဝါဆို/ဝါပန်ပွဲပင်ဖြစ်ပါသည်။

* ဝါဆိုလနှင့်ပတ်သက်၍ မှတ်သားရလွယ်စေရန်

(၁) မြတ်ဘုရားသည် ယခင်တုသိတာနတ်ပြည်၌ စံနေ တော်မူစဉ် တစ်သောင်းသော စကြာဝဠာမှ နတ်ဗြဟ္မာ အပေါင်းတို့က ညီညာစွာ နှိုးတောင်းပန်မှုကြောင့် မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့်၊ ကြာသ ပါတေးနေ့မှာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူတော်မူသည်။

(၂) ဘုရားလောင်းသည် သက်တော် ၂၉ နှစ်အရွယ်တွင် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်လေးမျိုးကိုမြင်တော်မူပြီးနောက် သင်္ခါရတို့ကို သိတော်မူပြီး ထိတ်လန့်စိတ်ဖြစ်ပေါ်ခဲ့သည်။ မဟာသက္ကရာဇ် ၉၇ ခုနှစ်။ ဝါဆိုလပြည့်၊ တနင်္လာနေ့တွင် ထွက်တော်မူ နန်းမှခွာသည်။

(၃) ဘုရားဖြစ်တော်မူသောအခါ အဇပါလညောင်ပင်ရင်းမှ မိဂဒါဝုန်တောသို့ ခြေလျင်ကြွတော်မူ၍ ပဉ္စဝဂ္ဂီငါးပါးနှင့် စကြာဝဠာတိုက်တစ်သောင်းမှ ချဉ်းကပ်ရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့မှာ ဓမ္မစကြာတရားတော်ကို - အထူးတလည်ဟောကြားတော်မူပါသည်။

(၄) မယ်တော်မိနတ်သားအား ကျေးဇူးဆပ်လို၍ အဘိဓမ္မာတရားဟောရန် နတ်ပြည်သို့ကြွတော်မူသည်မှာလည်း ဝါဆိုလပင်ဖြစ်ပါသည်။ (သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ ဟောမြွက်သံရှိုး၊ လဝါဆိုဟုမှတ်ပါ။)ဝါဆိုလပြည့်နေ့သည် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ ဓမ္မစကြာတရားတော်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်ဖြစ်၍ ချမ်းသာလွယ်ကူကျင့်သုံဖြစ်စေသည်။ ဝေနေယျ သတ္တဝါ

အပေါင်းအား တရားရေအေးတိုက်ကျွေးသော တရားရေအေးဖြစ်သည်။ ဒါကြောင့် အထူးဆုံးအမြတ်ဆုံး လဖြစ်ပါသည်။

(၅) ဝါဆိုလပြည့်နေ့မှာ မြတ်ဗုဒ္ဓသည် ဓမ္မစက်ကို စတင်လှည့်တော်မူသောကြောင့် ဓမ္မရတနာ၏အစဖြစ်သော နေ့ကို ဓမ္မနေ့ဟုခေါ်နိုင်ပါသည်။ ဓမ္မရတနာစတင်ရာနေ့ ဓမ္မနေ့ဖြစ်ပါသည်။ သံဃာရတနာ စတင်ပေါ်ပေါက်ရာနေ့လည်းဖြစ်ပါသည်။

(၆) မြတ်ဗုဒ္ဓသည် ဓမ္မစက္ကသုတ်ကို မိဂဒါဝုန်မှာ စတင်ဟောသောအခါ– အရှင်ကောဏ္ဍညသည်– ဓမ္မကို အဦးဆုံး သိပြီး ဓမ္မစက္ခုရဟန်းသံဃာဖြစ်ခဲ့သည်။ ကျန်သော လေးပါးမှာ တစ်ရက်တစ်ပါး အစီအစဉ်အတိုင်း–ရဟန်းဖြစ်ကြရာ ဝါဆိုလပြည့်ကျော် (၄)ရက်နေ့မှာ သံဃာ(၅)ပါးဖြစ်ပေါ်ခဲ့သည်။

ဝါဆိုလပြည့်ကျော်(၅)ရက်နေ့မှသံဃာ(၅)ပါးကို တပေါင်းတည်းပြု၍ – အနတ္တလက္ခဏာသုတ်ကို ဟောတော်မူခဲ့ရာ(၅)ပါးလုံး တပြိုင်နက်တည်း ရဟန္တာဖြစ်တော်မူခဲ့သည်။

(၇) ဝါအကြီးဆုံး၊ သိက္ခာအကြီးဆုံးမှာ အရှင်ကောဏ္ဍညဖြစ်သည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်မှာ

ရာထူးမှာနေ့ရ ကြီးမြင့်သော်လည်း(၇)လ၊ (၈)လခန့်ကြာမှပင်-ရာထူးပြစ်ကြလို့ သိကြာငယ်ကြပါတယ်လို့ ဆိုနိုင်ပါသည်။ ထို့ကြောင့် ဝါဆိုလပြည့်နေ့သည် ဓမ္မနေ့၊ သံဃနေ့ဖြစ်သဖြင့် အလွန်ထူးမြတ်သော နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

- ရာသီအားဖြင့် ကရကဋ်ရာသီဖြစ်သည်။
- နက္ခတ်အားဖြင့် အာသဠ်နက္ခတ်ဖြစ်သည်။
- ရာသီပန်းအားဖြင့် ပုန်းညက်ပန်းဖြစ်သည်။
- ပွဲတော်အားဖြင့် ပဥ္စင်းခံပွဲဖြစ်သည်။
- မိကျောင်းမိုး "ဝါဆိုတကြောင်း၊ မိကျောင်းဖွေးဖွေး၊ မိုးအေးအေး"လို့ဆိုကြသည်။
- ပထဝီဝင်အရ မိုးဖြိုင်ဖြိုင် ရွာသွန်းနေပြီဖြစ်သည်။

"ဝါခေါင်လအကြောင်း"

* ပွဲတော်(ဂရုမမ္ဘအခါတော်နေ့)ဝါခေါင်လပြည့်နေ့၊ မေတ္တာအခါတော်နေ့

ဝါခေါင်လကို ပါဠိဘာသာအားဖြင့် (သာဝဏ)ဟုခေါ်သည်။ သာဝဏ၏ အဓိပ္ပာယ်မှာစန္ဒာလမင်းနှင့်သရဝဏ်နက္ခတ်တို့ယှဉ်ပြိုင်သွားကြသည်ဟု ဆိုလိုသည်။ ကုသိုလ်တော်ပွဲမှာကား စာရေးတံပွဲဖြစ်သည်။ မဟာဒုတ်မှစ၍ စာရေး

တံပွဲကျင်းပခဲ့ကြရာ – ယနေ့အထိ – စာရေးတံအလှူပွဲကို ကျင်းပကြဆဲဖြစ်သည်။

- ဝါခေါင်လပြည့်နေ့သည် လူ့ယဉ်ကျေးမှုနှင့် စာရိတ္တ မထွန်းကားသေးသည့်အခါ ... 

သိမ်မွေ့မှုကို ရှေးရှုသော မေတ္တာအစေါ်တော်နေ့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်လူမျိုးတိုင်း သိရှိကြသည်။
- ဝါခေါင်လပြည့်မေတ္တာအစေါ်တော်နေ့ကို ရောက်သော အခါ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်း သတ္တဝါများကို ဝိဝိတ္တဒါနအဖြစ် ဘေးမဲ့လွှတ်ကြသည်။ ဥပမာ–ငါးများ၊ နွားများ။ စာကလေးများနှင့် အခြားသောသတ္တဝါလေးများ ကောင်းချီးနမော် သာဓုခေါ်ကြသည်။ ထို့ကြောင့် မေတ္တာ အစေါ်တော်နေ့သည် မြင့်မြတ်သော နေ့ထူးနေ့မြတ်ဖြစ် သည်။ "မေတ္တာရေစမ်းပက်ခါဖြန်း၊ အေးချမ်းကြပါစေ" ဟူ၍
  - မေတ္တာသဒ္ဒါ အနန္တော၊ မေတ္တာ၏ကျော်စော သံသည် – အပိုင်းအခြားမရှိချေ။
  - မေတ္တာသည် ဒေါသ၏ ဆန့်ကျင်ဖက်ဖြစ်သည်။ ဒေါသဖြစ်သူက ကြမ်းတမ်း၍ မေတ္တာဖက်သူက သိမ်မွေ့ နူးညံ့ကုန်၏။
- ပထဝီဝင်အရကြည့်လျှင် ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဟု ဆိုစမှတ်ရှိကြသည်။ ခင်းထားသော အခင်းသား

ရေအနံ့ပြန့်ကားလာသောကြောင့် နံကားခေါ်ရာမှ နံကာလဖြစ်လာသည်ဟု ကြဲဆကြသည်။
- နက္ခတ်အားဖြင့် သရဝဏ်နက္ခတ်ဖြစ်သည်။
- ရာသီအားဖြင့် သိဟ်ခေါ် သိဟ(ခြင်္သေ့)ရာသီဖြစ်သည်။
- ရာသီပန်းအားဖြင့် စတ္တာပန်းဖြစ်သည်(တောစတ္တာပန်း၊) (အိမ်စတ္တာမှာ မိုးဦးကျလျှင်ပွင့်တတ်သည်။ ဝါခေါင်လထိ မစောင့်ပါ။)
- မိုးဖွဲဖွဲရွာသည် "ဝါခေါင်တကြောင်း၊ ထနောင်းကြောင်ခြစ်၊ ဆူးရစ်ပွင့်စါ မိုးမရွာ၊ရွာပါသော်လည်း တဖွဲဖွဲ"ဟုစပ်ဆိုကြသည်။

"တော်သလင်းလအကြောင်း၊"

တော်သလင်းလပြည့်နေ့ကို ဂရုစမ္မအစါတော်နေ့(ငါးပါးသီလ)အစါတော်နေ့အဖြစ် - ရှေးမြန်မာမင်းများမှစ၍ ယဉ်ကျေးမှုအမွေကို လက်ဆင့်ကမ်းကျင်းပခဲ့တယ်။ ၁၁၄၆ ခုနှစ်-ဘိုးတော်မင်းတရားလက်ထက်မှစ၍ မင်းတုန်းမင်းလက်ထက်ထိ-ဂရုစမ္မအမိန့်ကိုထုတ်ပြန်ခဲ့တယ်။

ငါးပါးသီလ/ ရှစ်ပါးသီလကို ဆောက်တည်၍ သရဏဂုံသုံးပါးကို ဆောက်တည်ရန်ဖြစ်တယ်။

ကိုယ်ကျင့်သီလဖြစ်သော ငါးပါးသီလသည် နိဗ္ဗာန်သို့သွားရာစောင်းတန်းလှေကားဘသဖွယ်ဖြစ်တယ်။ နိဗ္ဗာန်သို့သွားရန်အလို့ငှာ ပထမဆုံး တံခါးပေါက်လည်းဖြစ်တယ်။

ရှေးရှေးက ပါရမီကျင့်စဉ်များတွင် ငါးပါးသီလကို မဟာဒါန ဟု-ခေါ်ဆိုကြတယ်။

- သိက္ခာသုံးရပ်တွင် သီလ၊ သမာဓိ၊ ပညာတို့ပါဝင်တယ်။ သီလသိက္ခာသည် ဦးစွာကျင့်ဆောင်ရမည့်သာသနာ့ အခြေခံ အရင်းအမြစ်ဖြစ်သဖြင့် အစကောင်းမှုဖြစ်စေရန် ငါးပါးသီလ ကိုခါးဝတ်ပုဆိုးကဲ့သို့ စောင့်ထိန်းရာ၏။

- သိက္ခာသုံးရပ်ကိုအစဉ်အတိုင်း မြဲမြဲစွာကျင့်သွားလျှင် နိဗ္ဗာန်သို့လွယ်ကူစွာရောက်နိုင်ပေတယ်။

- လူ့ဘဝရကြစဉ်အတွင်းမှာပင် လူဖြစ်ရကျိုးနပ်အောင် ဘိုးစဉ်ဘောင်ဆက် လက်ဆင့်ကမ်းသယ်ယူလာသော မြန်မာ့ အမွေအနှစ်ဖြစ်သော ဂရုမွေဟုခေါ်ဆိုသည့် ငါးပါးသီလ ကိုလက်တွေ့ကျင့်ကြံပွားများအပ်တယ်။

| | |
|---|---|
| *ပထဝီဝင်အရ | - တော်သလင်းမိုးကန်သင်းကျိုးဟုဆို ကြတယ်။ မိုးများတယ်။ |
| *ရာသီစွင်အရ | - ကန်ရာသီဖြစ်တယ်။ |
| *နက္ခတ်အားဖြင့် | - အဒြနက္ခတ်ဖြစ်တယ်။ |
| *မိုး | - တော်သလင်းတိမ်ညို၊ စားဖိုသည် ဆင်းရဲမိုးမစဲဟု - ရှေးစာဆိုများက ဆိုကြတယ်။ |
| *ရာသီပန်းအရ | - ယင်းမာပန်းများ ပွင့်ကြတယ်။ |
| *ပွဲတော်မှာ | - လှေပြိုင်ပွဲများကျင်းပကြတယ်။ |

"သီတင်းကျွတ်လအကြောင်း"

ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်တွင် လစဉ်ပွဲတော်များ ကျင်းပလေ့ရှိတယ်။ ၎င်းတို့အနက်မှ သီတင်းကျွတ်လသည် တမူထူးခြားသည့် အလေးအမြတ်ထားအပ်သည့် လအခါထူး ပင်ဖြစ်တယ်။

ဗုဒ္ဓမြတ်စွာသည် တာဝတိံသာနတ်ပြည်၌ မယ်တော်မိ နတ်သားကို - အမှူးပြု၍ - နတ်ဗြဟ္မာအပေါင်းတို့အား အဘိဓမ္မာတရားတော်ကို အကျယ်ဝိတ္ထာရဟော၍ ပြီးဆုံး သောနေ့သည် သီတင်းကျွတ်လပြည့်နေ့ဖြစ်တယ်။

လူ့ပြည်ရပ်ရွာရှိ စန္ဒကူးတော၌ ရှင်သာရိပုတ္တရာအား အကျဉ်းဟောကြားပြီးနေ့သည်လည်း သီတင်းကျွတ်လပြည့် နေ့ဖြစ်တယ်။

ရှင်သာရိပုတ္တရာက တပည့်ရဟန်းငါးရာအား မကျယ် မကျဉ်းဟောကြားသင်ကြားပို့ချပြီးဆုံးသည့်နေ့သည်လည်း သီတင်းကျွတ်လပြည့်နေ့ဖြစ်တယ်။ အဆိုပါနေ့ရာဒေသသုံးရ စလုံး၌ တရားဒေသနာဟောကြားပြီးဆုံးသောနေ့များဖြစ်သဖြင့် သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ဟု သတ်မှတ်ပြီး ပူဇော်သောနေ့ထူးနေ့မြတ်ဖြစ်တယ်။ သီတင်း ကျွတ်လတွင် သက်ကြီးဝါကြီးများနှင့် မိဘဆရာသမားများ အား ပူဇော်ကန်တော့သော လထူးလမြတ်ဖြစ်တယ်။

အစဉ်အလာကြီးမားသော မြန်မာ့ယဉ်ကျေးမှုကြီးကို ဖော်ထုတ်ပြသကြသောလအခါလည်းဖြစ်တယ်။

ပဝါရဏာဆိုသည်မှာ သာသနာရေးရှုထောင့်မှကြည့်လျှင် ဝါတွင်းသုံးလပတ်လုံး သံဃာများမှ ကျောင်းတွင်းသိရဂုဏ် တနေရာတည်းတွင် သီတင်းသုံးနေထိုင်ရတယ်။ ဂန္ထဓုရ၊ ဝိပဿနာဓုရ ကျင့်ဆောင်ပြီးနေထိုင်ကြရသော ရဟန်းသံဃာတော်များ၏ကိစ္စဖြစ်တယ်။ မိမိတို့၏ကျောင်းအဆောက် အဦးမှ ဖဲခွာသွားခါနီးတွင် အချင်းချင်း "ကာယဝစီ၊ မန၊ ကမ္မ အစရှိသည်ဖြင့် ကျူးလွန်မိသည်ရှိသော် သည်းခံညွှန် ကြားခွင့်လွှတ်ပေးပါရန်"ဟုဖိတ်ကြားပြီး ပဝါရဏာ (ပန်ကြားခြင်း)ကိစ္စပြုပြီးနောက် အပြစ်ကင်းစင်လွတ်လပ်စွာ သွားလာကြသောအခါထူးလည်းဖြစ်ပေတယ်။

မြတ်ဗုဒ္ဓ၏ ညွှန်ကြားသော မင်္ဂလာတရားတော်နှင့်အညီ ဒါနမင်္ဂလာ၊ ဂါရဝမင်္ဂလာ၊ နိဝါတမင်္ဂလာ၊ ကတညုတမင်္ဂလာ၊ သောဝစဿတာမင်္ဂလာဟူသော မင်္ဂလာဂုဏ်များနှင့်လည်းပြည့်စုံသောအခါထူးလည်းဖြစ်ပေတယ်။

* ပထဝိဝင်အရ – မိုးရွာလိုက်၊ နေပူလိုက်ဖြစ်သော အခါရာသီမျိုးဖြစ်တယ်။

* ပလ္လင်ဆေးမိုး – "သီတင်းကျွတ်လတွင် ပလ္လင်ဆေးမိုးရွာသွန်းပြီး"ဟု ရှေးစာဆိုများက စပ်ဆိုကြတယ်။

* ရာသီနွင်အားဖြင့် - တူရာသီဖြစ်တယ်။
* နက္ခတ်အားဖြင့် - အဿဝဏီနက္ခတ်ဖြစ်တယ်။
* ရာသီပန်း၊အရ ကြာမျိုးငါးပါးပွင့်တယ်။
* ပွဲတော် - မြင်းမိုရ်မီးပွဲ ဆင်နွဲကြတယ်။

"တန်ဆောင်မုန်းလအကြောင်း"

မြန်မာနိုင်ငံတွင် တစ်နှစ်(၁၂လ)၏ လစဉ်ပွဲတော်များ ရှိတယ်။ ၁၂လရာသီပွဲတော်များအနက် တန်ခူးလမှစ၍ ရေတွက်သော် တန်ဆောင်မုန်းလသည် (၈)ခုမြောက်တွင် ရှိတယ်။

"တန်ဆောင်မုန်း၏အဓိပ္ပါယ်မှာ

တန် တန်ခိုးရှိသောအရောင်-နက်ဟု-အဆိုရှိတယ်။
ဆောင် ဆောင်ယူခြင်းအဓိပ္ပါယ်ရှိတယ်။
မုန်း ခြယ်မှုန်းခြင်းကိုဆိုလိုတယ်။

* စကားလုံးသုံးလုံးပေါင်းလျှင် အလင်းရောင်ဖြင့် ခြယ်မှုန်းသောလဟု-ဆိုကြတယ်။
* သီတင်းကျွတ်လမီးထွန်းပွဲတော်သည် ဘုရားရှင်အားရည်မှတ်၍ မီးပူဇော်သောလဖြစ်တယ်။
* တန်ဆောင်မုန်းလမီးထွန်းပွဲသည် နက္ခတ်သဘင်ပွဲဖြစ်တယ်။
- ဝိနည်းတော်၌ မိုးရေခံသကာန်း/ကထိန်သကာန်းသည်

ကြတ္တိကာလ၏အစဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ(၁)လအတွင်းသာ ကထိန်သင်္ကန်း လှူဒါန်းပူဇော်ပွဲဖြစ်လာခဲ့တယ်။ ကုသိုလ်ပြုရာတွင်ကထိန်ပွဲတော်ဖြစ်တယ်။

* ပထဝီဝင်အရ – မိုးအကုန်ဆောင်းအကူးလရာသီဖြစ်တယ်။
* ရာသီခွင်အားဖြင့်–ပြိစ္ဆာရာသီဖြစ်တယ်။
* နက္ခတ်အားဖြင့် – ကြတ္တိကာနက္ခတ်ဖြစ်တယ်။
* ရာသီပန်းအရ – ခဝဲပန်းပွင့်တယ်။
* ပွဲတော် – မီးထွန်းပွဲနှင့်ကထိန်ပွဲကျင်းပကြတယ်။
* မိုး – "ဆီးနှင်းတလိုက်မိုးတဖြိုက်"ဟုရှေးစာဆိုတို့စပ်ဆိုကြတယ်။

"နတ်တော်လအကြောင်း"

နတ်တော်လသည် မြန်မာနိုင်ငံတွင်းရှိ တနစ်(၁၂)၏ နဝမမြောက်လဖြစ်သည်။ ဟေမန္တခေါ်ဆောင်းဥတုတွင်း၌ ကျရောက်သဖြင့် အအေးလွန်သည့်ကာလများဖြစ်တယ်။ အဓိပ္ပါယ်မှာ "အနွတ္တ"အမည်သို့လိုက်၍ နတ်တော်လဟု အမည်မှည့်ခြင်းဖြစ်သည်ဟုဆိုကြတယ်။ ဤလ၊ ဤကာလ

တွင် ဒေဝါသစင်နတ်ဘုရင်များသည် မြူးတူးပျော်ရွှင်လေ့ ရှိကြတယ်။ နတ်တို့ပျော်ရာကို အကြောင်းပြု၍ နတ်ပျော်လ မှတပြည်းပြည်းကာလရွေ့လျားပြီးနောက် "နတ်တော်လ" ဟု ဆိုစမှတ်ပြုလာကြသည်။

– ရှေးယခင်အခါက ရှင်ဘုရင်များမှ ဦးဆောင်၍ မဟာ ပိန္နဲနတ်မင်းကြီးအားရည်စူးပြီး နတ်ပွဲများကျင်းပကြတယ်။

– ယခုအခါ ဗလိနတ်စာကျွေးခြင်းဟူသော နတ်ကနားပွဲများ အနည်းအကျဉ်းလောက်သာတွေ့ရတယ်။

– နတ်တော်လမှာ - မန္တလေးတိုင်းကျောက်ဆည်မြို့၌ ဆင်ကပွဲကို နှစ်စဉ်ကျင်းပလာကြကြောင်းတွေ့မြင်နိုင်တယ်။ အထူးသဖြင့် နတ်တော်လတွင် စာဆိုတော်ပွဲများ ကိုလည်း မြန်မာနိုင်ငံအနှံ့အပြား၌ ကျင်းပလာကြကြောင်းတွေ့ရတယ်။

– နတ်တော်လနှင့်ပတ်သက်၍ မိုးသူတော်ဦးမင်းမှ တစ်ဆယ့် နှစ်ရာသီဘွဲ့တွင်

* ရှစ်ခွင်ကိုမြူဆင်းလို့

ငွေနှင်းတဲ့နဝိ

ဂမုန်းသစင်တို့

စန်ခွင်မှာလေရှိုညှင်းက

ထုတ်သွင်းဘယ်ညာနံ့

သင်းပျံ့ပျံ့ရှိ

ယုဂန္ဓိုရ်

တောင်မိုထိပ်ဖြား
ရွှေလစန္ဒီနှင့်
မိဂသီရောင်ခြည်ဖြန်းတယ်
မြန်းတူကြွသွား ဟုစပ်ဆိုခဲ့တယ်။

* ပထဝီအရ – ဟေမဝန္တ(ခေါ်)ဆောင်းတွင်းနှင့်ကျ ရောက်သဖြင့်အချမ်းလွန်ကဲတယ်။
* ရာသီခွင်အားဖြင့်– မကာရာသီဖြစ်တယ်။
* နက္ခတ်အားဖြင့် – မိဂသီနက္ခတ်ဖြစ်တယ်။
* ရာသီပန်းအရ – ဂမုန်း အင်/သစင်ပန်းများပွင့်တယ်။
* ပွဲတော် * ရှေးအခါက - မဟာပိန္နဲနတ်ပွဲများ ကျင်းပကြတယ်။
  * ယနအခါစာဆိုတော်ပွဲများကျင်းပ ကြတယ်။
  * ကျောက်ဆည်မြို့၌ ဆင်ကပွဲကိုနှစ် စဉ်ကျင်းပကြတယ်။
* မိုး * ခါးလှိုးမိုးဟုခေါ်တယ်။
  "နတ်တော်ရောက်ပြား၊မိုးသား မငြိမ် ဆင်ရာတိမ်၊ နတ်အိမ်မြောက်ရိုး မိုးခါးလှိုး"ဟုစပ်ဆိုကြတယ်။

"ပြာသိုလအကြောင်း"

နေ့ဝါဆို၊ ညပြာသိုဟုစာရှိုးရှိခဲ့တယ်။ အအေးလွန်ကဲတယ်။ ညတာအချိန်အခါအလွန်ကြာညောင်းသည့်လဖြစ်တယ်။ နှစ်တနှစ်ရှိ(၁၂)လအနက်မှ ၁၀လမြောက်သောလဖြစ်တယ်။ ရာသီမသီ၊ ပန်းနှင့်ညီဆိုသောရှေးစာဆိုများ၏စကားအရ ပြာသိုလတွင် နှါညိုပန်းများဖူးပွင့်ကုန်ပြီဖြစ်တယ်။ ၎င်းကာလ၏ရာသီတွင်း၌ ရှေးမင်းများမှ မြင်းခင်းသဘင်ပွဲများကျင်းပကြတယ်။ ဆောင်းလရာသီ၏ပြာသိုလကိုစာဆိုတော်အသီးသီးမှ ရှုဒေါင့်အမျိုးမျိုးဖြင့် ကိုယ့်အမြင်ကိုယ့်အတွေးဖြင့် ခံစားချက်ဖွင့်ဆိုခဲ့ကြတယ်။ ရေးစပ်ခဲ့ကြတယ်။ အထူးသဖြင့် ပြာသိုကို နှါညိုနှင့်ယှဉ်တွဲခံစားကြသည်ကများတယ်။

* စာဆိုတော်ဦးမင်းမှ ပြာသိုလကို နှင်းနှံသောလ၊ နှင်းဖွေးဖွေးနှင့် အလွန်အေးသောလဟုမြင်ကွင်းကိုဖေါ်ကျူးရေးဖွဲ့ခဲ့တယ်။

- * နှစ်မ်းနိုနို
- * ပန်းနှါညိုငုံတံထူးတယ်
- * ဖူးပွင့်ချယ်ဆန်း ဟုရေးဖွဲ့ခဲ့တယ်။

* စိန္တကျော်သူ ဦးဩကလည်း

- ဇာသျှကြယ်ပုံ
- ၄က်ချေးခံ

- ရောင်လျံစပ်မွဲမွဲ ဟုစပ်ဆိုခဲ့တယ်။

*ခွါညိုပြန်းနှင့်ပတ်သက်၍ စာဆိုန-ဝဒေးကြီး၏ရတုမှာ
- နတ်လကျွန်း၌
- ဆန်းတုံပြာသို၊ ပင်တိုင်းညိုမြှူ
- မြလိုပျံ့မွှန်း၊ ထုံရည်သွန်းသို့.
- နတ်ပန်းခွံမြ၊ ပေါ်သည့်လဝယ်
- တူကြောင်းမရှိ ချမ်းလှဘိ၏။ဟုစပ်ဆိုခဲ့တယ်။

* ပထဝီဝင်အရ - ဟေမဝန္တ(ခေါ်)ဆောင်းရာသီတွင်း၌ ကျရောက်သဖြင့် အချမ်းလွန်ကဲတယ်။
"နတ်တော်၊ ပြာသို ချေးမတ်တတ်ယို"ဟုပင် ရှေးသူဟောင်းတို့ဆိုစမှတ်ရှိခဲ့တယ်။

* ရာသီခွင်အရ - မကာရရာသီဖြစ်တယ်။
* နက္ခတ်အားဖြင့် - ဖုသျှနက္ခတ်ဖြစ်တယ်။
* ရာသီပန်းအရ - ခွါညိုပြန်းပွင့်တယ်။
* ပွဲတော် - ရှေးအခါက မြင်းစင်းသဘင်ပွဲများကျင်းပကြတယ်။ ယခုအခါ-လွတ်လပ်ရေးပွဲတော်များ ကျင်းပကြတယ်။
* မိုး - နှမ်းပျက်မိုး "ပြာသိုအတွင်းဆီးနှင်းရောယှက် - နှမ်းထောင်ပျက်"ဟုဆိုကြတယ်။

"တပို့တွဲလအကြောင်း"

လက်ပံပွင့်ချိန် နွေးရှူးချိန်ဆိုသောစကားစုရှိသည်။ တပို့တွဲလဟုအတတ်သိနိုင်သည်။ (၁၁)လမြောက်လ ဖြစ်သည်။ သည်ဂုသီတွင်း၌ တောင်သူဦးကြီးများ၏ သီးနှံများပေါ်ပြီး - လယ်ယာကိုင်းကျွန်းကိစ္စအဝဝ ပြီးချိန်လည်းဖြစ်သည်။ တစ်နည်းအားဖြင့် တလင်း တက်ချိန်ဖြစ်တယ်လို့ လည်းဆိုကြသည်။ တမာလည်းနု၊ ကျေးလည်းဥ၊ တမာလည်းပွင့်၊ ကျေးလည်းရင့်၊ တမာ လည်းသီး၊ ကျေးလည်းကြီးဟု - ရှေးသူဟောင်းတို့ ဆိုခဲ့ကြသည်။ ရာသီအားဖြင့် ဆောင်းကျွတ်တော့မည်ဖြစ်၍ ရှိသမျှ အအေးဓါတ်များအားလုံးစုပြုံ၍ အစွမ်းကုန်အိတ်သွန် ဖါမှောက်အေးစေသောလလည်း ဖြစ်ပေသည်ဟု - စာဆို *မယ်ခွေက ကဗျာရေးစပ်ခဲ့သေးသည်။

- ကုန်လင်ကောဇာ
- သည်အခါမှာ
- တမာသေးဥလို့
- ယာဂုမြောက်ချိ
- လေးနာရီနှင့်
- နဒီအောင်ရှာ
- ကြည့်တိုင်းသာလှတယ်

× တံငါသည်ဒေါင်တင်တီးလို့
– ပိုက်ကြီးကိုခင်း ဟုရေးစပ်ခဲ့သည်။

× ပထဝီဝင်အရ – ဆောင်းကုန်/နွေကူးကာလ ဖြစ်သဖြင့်၊အစွမ်းကုန်အေးသည့် ကာလဖြစ်သည်။

× ရာသီစွင်အားဖြင့် – ကုံရာသီဖြစ်သည်။

× နက္ခတ်အားဖြင့် – မာဃနက္ခတ်ဖြစ်သည်။

× ရာသီပန်းအရ – ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်များပွင့်ကြသည်။

× ပွဲတော် – မီးပုံပွဲယာဂုပွဲ (ထမနဲပွဲ)ဖြစ်သည်။

× မိုး –ကျန်မိုးကြွင်း – တပို့တွဲဖွဲ့နှဲ့ရွာခြင်းကျန်မိုးကြွင်းဟုရေးစပ်ကြသည်။

"တပေါင်းလအကြောင်း"

<u>ပွဲတော်(သဲပုံစေတီပွဲ)တပေါင်းလပြည့်</u>

တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင်ခန်းနှင့် ပတ်သက်၍ သိမှတ်ဖွယ်ရာများ ရှိပါသည်။ တပေါင်းလပြည့်နေ့တွင် ကာဠုဒါယီမထေရ်က မြတ်စွာဘုရားအား ကပိလဝတ်နေပြည်တော် သို့ကြွတော်မူ ပါရန်လျှောက်ထားသည်ကိုအကြောင်းပြု၍ ကျင်းပကြပါ သည်။

မဟာသက္ကရာဇ် ၉၇ ခု၊ ဝါဆိုလပြည့်တနင်္လာနေ့ ညသန်းခေါင်ယံအချိန်က မယ်ည်းတော်နှင့် ထီးနန်းစည်းစိမ် အားလုံး၊ ချစ်လှစွာသော ယသောဓရာနှင့်ရှေးနှင့် ရင်နှစ်သွေး တော်ရာဟုလာတို့ ကိုစွန့်ခွာကျောင်းခဲ့သည်။ ယခုအခါ သုံးလောကထွက်တင် ဘုရားရှင်အဖြစ်သို့ ရောက်ရှိနေပြီး တရားတော်များ ဟောကြားသည့် - သတင်းစကားကို လည်းကောင်း၊၊ မိဂဒါဝုန်တောဝယ် ပဉ္စဝဂ္ဂီငါးဦးနှင့် အထူး ထူးသော နတ်ဗြဟ္မာသတ္တဝါတို့အား တရားဦးမှစကြာကို ဟော - တော်မူသည့် သတင်းစကားကို လည်းကောင်း၊၊ ရာဇဂြိုလ်ပြည်သို့ကြွတော်မူပြီး၊ လူနတ်ဗြဟ္မာသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးနေပြန်ပြီဆိုသော သတင်းစကား ကိုငှင်းမယ်ည်း - တော်မင်းကြီး ကြားသိနေရ သည်။ မယ်ည်း တော်မင်းကြီးအနေဖြင့်သား - တော်နှင့်ခွဲခွာ နေရသည်မှာ - ၇ - နှစ်တာကာလကြာမြင့်၍ - လွမ်းဆွတ် တသရသည် ကတကြောင်း၊ ရာဇဂြိုလ်သို့ သားတော်ရောက် နေပြီးဖြစ်သဖြင့် - ဖူးတွေ့လိုပြီး - တရားနာလိုသည်က တကြောင်းတို့ရှိရင်းစွဲဖြစ်သည်။ မိမိအနေဖြင့် အသက် အရွယ်ကြီးရင့်ပြီး စိတ်သွားတိုင်းကိုယ်မပါနိုင်သဖြင့်

အခေါ်အပင့် လျှောက်ထားနိုင်းစေရသော် ကောင်း လေစွဟုစိတ်ကူးမိသည်။ စိတ်ကူးအတိုင်းပင် တစ်ကြိမ်လျှင်

အမတ်တစ်ယောက် - နှင့်နောက်လိုက် - တစ်ထောင်ကို စေလွှတ်သည်။

"အရှင့်ခမည်းတော်သည် - အိုမင်းရင့်ရော်နေပြီး သားတော် - ကိုမတွေ့မမြင်ရသည်မှာ ကာလကြာရှည်ပြီး။ မသေခင်ဖူးတွေ့လိုပါသည်။ မဖျားမနာ ကျန်းမာစဉ်က မွေးသည့်ဖခင် ဖူးမြင်ရအောင် ကြွတော်မူလှည့်ပါ"ဟူသော အမှာစကားဖြင့်စေလွှတ်သည်။ တစ်ကြိမ်စေလွှတ်လျှင် အမတ်တစ်ယောက်နှင့်နောက်လိုက်နောက်ပါ ဗိုလ်ခြေတစ် ထောင်စီဖြင့် (၉)ကြိမ် တိုင်တိုင်စေလွှတ်ခဲ့သည်။ အခေါ်လွှတ် လိုက်သော အမတ်အားလုံးနှင့်ဗိုလ်ခြေအား လုံးတို့သည် လည်း ဘုရားရှင်၏တရားတော်ကိုနာလိုက် ရသည်နှင့်အာသ ဝေါကုန်ခမ်းကာ ဧဟိဘိက္ခု ရဟန္တာ မထေရ်ကြီးများ ဖြစ်ကုန်ကြသည်။ မင်းကြီးမှာလိုက်သော လောကီရေးကို အရိယာတို့၏ မမှုအတိုင်း လျစ်လျူရှုကာသာ နေလိုက်ကြ တော့သည်။

နောက်ဆုံးဖွားဖက်တော် ကာဠုဒါယီအား ကတိက ဝတ်တစ်ခုဖြင့် - ပင့်လျှောက်ခိုင်းသည်။(ကတိကဝတ်ကား ကာဠုဒါယီအား - ရဟန်းပြုခွင့်ရပါမှ - ဘုရားရှင်အား ပင့်လျှောက်ပေးနိုင်ပါသည်ဟူ၍ပင်)

ဘုရားရှင်အား အခေါ်အပင့်လျှောက်ခြင်း ဆယ်ကြိမ်မြောက် - အဖြစ် ကာဠုဒါယီလည်း နောက်ပါမိုလ်ခြေတစ်ထောင်နှင့် ရာဇဂြိုလ် ပြည်သို့ ခရီးထွက်ခွာခဲ့သည်။ ရာဇဂြိုလ်ပြည်သို့ရောက်ချိန်တွင် ဘုရားရှင်၏ တရားပွဲနှင့်ကြုံနေနိုက်ဖြစ်သည်။ အနီးကပ်ဖူးမျှော်ခွင့် မရရှိသဖြင့်ပရိသအစွန်တစ်နေရာမှ ပင်တရား တော်ကိုနာကြားနေကြသည်။ ဟောတော်မူအပ်သော တရား၏နက်နဲသောအစွမ်းသတ္တိကြောင့်ပင် နာကြားရင်းဖြင့် ပဋိသမ္ဘိဒါပတ္တရဟန္တာအရှင်မြတ်ကြီးများ - ဖြစ်သွားကုန်ကြသည်။ ထိုအချိန်တွင် ဘုရားရှင်ထံမှ "ဧဟိဘိက္ခု ရဟန်း ဧဟိလာလှည့် လာလှည့်"ဟူသောမိန့်မြွက်သံရှိ နှုတ်ခွန်း တော်စကားထွက်ပေါ်လာပါသည်။

ကာဠုဒါယီမထေရ်သည် ခမည်းတော်မင်းကြီးမှာလိုက်သော စကားတော်ကို ရှစ်ရက်မြောက်သောနေ့မှာဘုရားရှင် – အားလျှောက်ထားသည်။ ပင့်လျှောက်ရာတွင်လည်း ခမည်းတော်၏လွမ်းဆွတ်မှုကိုလည်းကောင်း ခမည်း တော်နှင့်ဆွေတော်မျိုးတော်တို့အား တရားရေအေးတိုက်ကျွေးရန်လည်းကောင်း၊ တပေါင်းလ၏သာယာပုံကိုလည်းကောင်း၊ စာပန်းရိုရေးဖွဲ့လျှောက်ထားသည်။ ကာဠုဒါယီ၏ လျှောက်ထားတောင်းပန်မှုကြောင့်

ဘုရားရှင်၏ မွေးရပ်မြေနေပြည်တော်သို့ နောက်ပါရဟန်းများ စွာနှင့်ကြွချီတော်မူသည်။ ဘုရားရှင်၏ မွေးရပ်ဇာတိမြေ ကိုကြွချီတော်မူခြင်းကို အကြောင်းပြု၍ သဲပုံစေတီပွဲ အဖြစ် ပူဇော်ကြသည်။ လတစ်ကာလများစွာအနက် ထူးမြတ်တဲ့လ တပေါင်းဟုဆိုစမှတ်ပြုကြသည်။

မြတ်စွာဘုရားကပ္ပိလဝတ်နေပြည်တော်သို့ ကြွ တော်မူခြင်းဖြင့် သာသနာတော်သမိုင်းတွင် ရရှိသောအကျိုး ဆက်များမှာ

× နိဂြောဓာရုံကျောင်းတော်ကြီး ပေါ်ပေါက်လာခြင်း။
× သာကီဝင်မင်းမျိုးတို့၏ မာန်စွယ်ကိုနှုတ်ပယ်သော အားဖြင့်ပေါက္ခရဝဿမိုးကိုရွာသွန်းစေခြင်း။
× ဂါထာတစ်ထောင်ဖြင့်တန်ဆာဆင်အပ်သော ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောကြားခြင်း။
× မဟာဓမ္မပါလဇာတ်တော်ကြီးကို နာကြားရ၍ ခမည်း တော်မင်းကြီးအနာဂါမ်တည်ပြီးနောင်သောအခါ အရ ဟတ္တဖိုလ်တည်ခြင်း၊ မိထွေးတော်ဂေါတမီ သောတာပန် တည်ခြင်း၊

✳ နောင်သောအခါ ဘိက္ခုနီသာသနာထူထောင် နိုင်ကြခြင်း၊

✳ ယသောဓရာကိုအကြောင်းပြု၍စန္ဒကိန္နရီ ဇာတ် တော် ကြီးကိုဟောကြားခြင်း။

× ဓနပဒကလျာထိ၏ကြင်ယာတော် - နန္ဒမင်းသား ရဟန်းဖြစ်ခြင်း။
× သားတော်ရာဟုလာ - အမွေတောင်း၍ - သာမဏေ ဘဝသို့ရောက်ရှိခြင်း။
× ဆွေမျိုးတို့က မြတ်စွာဘုရားကို ကြည်ညိုစေရန် စွမ်းဆောင်ရာ၌ အမြတ်ဆုံးဘွဲ့ "ကုလပ္ပသာဒ" ဧတဒဂ် ကို ကာဠုဒါယီမထေရ်အားမြတ်ဗုဒ္ဓကိုယ်တိုင်ချီးမြှင့် တော်မူခြင်း။
× ရှင်သာရိပုတ္တရာလျှောက်ထား၍ဗုဒ္ဓဝင် ဒေသနာကို ဟောကြားတော်မူခြင်းစသော အကျိုးဆက်များ ဖြစ်ပါ သည်။
× ပထဝီဝင်အရ ပူလောင်ခြောက်သွေ့သော အခါ ရာသီဖြစ်သည်။
× ရာသီစွင်အားဖြင့် - မိန်ရာသီဖြစ်သည်။
× နက္ခတ်အားဖြင့် - ဖဂ္ဂုဏနက္ခတ်ဖြစ်သည်။
× ရာသီပန်းအရ - အင်ကြင်း၊ သရဖီ၊ ပိတောက် ပန်းများပွင့်သည်။
× ပွဲတော် - သံပုံစေတီပွဲကျင်းပသည်။

(နိဂုံးအမှာစာ)

သာသနာ့အကျိုးမျှော်ကိုးရင်း လေ့လာမိသလောက် ထပ်ဆင့် - မျှဝေတာပါ။ ကြောင်းကျိုးဆက်စပ်ပြီး ဆင်ခြင်နိုင်တာပေါ့၊ ကထိန်ခံခွင့်ရရှိတဲ့ အရိုအရိုသော ရဟန်းသံဃာများအနေဖြင့် "ဝမ်းသာပီတိ ပွမ်းဆိတ်ထိနယ်" ခံစားမိကြပေလိမ့်မည်ဟုတွေး ထင်မိပါတယ်။ ဘာ့ကြောင့်လဲဟု - အဖြေထုတ်ကြည့်တဲ့အခါ - ဗုဒ္ဓဘုရားရှင်၏ ပညတ်ချက်တွေကို ခံစားနိုင်၊ ခံစားနိုင်လို့ပဲ ဖြစ်တယ်။

ကောင်းသောလိုအင်ဆန္ဒများပြည့်ဝနိုင်ကြပါစေ

မသန်း(ပညာရေး)

## မှီငြမ်းစာအုပ်များ

၁။ သုခမှတ်စု - ဦးသုခ

၂။ ဒုစရိုက်ဖြစ်ဘေးကင်းလွတ်ရေး
မဟာစည်ဓမ္မကထိကပြန့်တန်ဆာအရှင်သုန္ဒရ(ဘီအေ)

၃။ ကထိန်အလင်းပြ - ဆရာတော်တစ်ပါး

၄။ မြတ်ဗုဒ္ဓ၏ စေတဒဂ်ဘွဲ့ရပုဂ္ဂိုလ်မြတ်များ
ဓမ္မဃောသက ဦးမောင်မောင်

၅။ မြန်မာမှုအထွေထွေ - ဒဂုန်ဦးစန်းငွေ

၆။ လစဉ်ထုတ်ဘာသာရေးစာစောင်မဂ္ဂဇင်းဆောင်းပါးများ
ပါစာရများ၊